# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday, 20 February 2017 (၈၈၄၃)


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

# နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ဖို့ တစ်ခုတည်းသောလမ်းကြောင်းဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံဖြစ်

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်က (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

**ချစ်ခင်လေးစားအပ်ပါတဲ့ ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ကျရောက်တဲ့ (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်တဲ့ ဒီနေ့ထူးနေ့မြတ်အခါသမယမှာ ချင်းပြည်နယ်အတွင်း မှီတင်းနေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမ ပြည်ထောင်စုသားအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွတ်လပ်ရေးရရှိပြီးတဲ့နောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ချင်းပြည်နယ် ဖလမ်းမြို့မှာ လူထုညီလာခံကျင်းပပြီး တိုက်သူကြီး(စော်ဘွား)များ အုပ်ချုပ်တဲ့စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ၁၉၅၀ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ ရန်ကုန်မြို့မှာ ကျင်းပတဲ့ သတ္တမအကြိမ် ချင်းရိုးရာကောင်စီ ညီလာခံမှာလည်း ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအဆိုတွေ တင်သွင်းမှုအပေါ် တက်ရောက်လာကြတဲ့ အမတ်အားလုံးရဲ့ ဆန္ဒကိုရယူပြီး ဖလမ်းမြို့မှာ လူထုညီလာခံကျင်းပခဲ့တဲ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို "ချင်းအမျိုးသားနေ့"အဖြစ် ရွေးချယ်သတ်မှတ်အတည်ပြုခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်ကို အစပြုပြီး သတ်မှတ်ခဲ့တဲ့ ချင်းအမျိုးသားနေ့ဟာ ယခုနှစ်ဆိုရင် (၆၉)နှစ်မြောက် ရှိခဲ့ပြီဖြစ်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဖလမ်းမြို့၌ကျင်းပသည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မီးပုံပွဲ၌ ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

# ဖွံ့ဖြိုးမှုနည်းသည့်ဒေသများတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ကာလသတ်မှတ်ချက်ဖြင့် အခွန်ကင်းလွတ်သက်သာခွင့်ပေးရန်လည်း စဉ်းစားဆောင်ရွက်နေ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်သို့ရောက်ရှိပြီး တွန်းဇံမြို့၊ တီးတိန်မြို့နှင့် ဖလမ်းမြို့တို့ရှိ ပြည်သူ့ဆေးရုံများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံလူထုနှင့် တွေ့ဆုံသည်။**

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❐


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

◆ **ရွှေဖုံးမှ**

ချင်းအမျိုးသားနေ့ဟာ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီတဲ့မျိုးနွယ်စုအားလုံးပါဝင်တဲ့ ချင်းလူမျိုးတို့ရဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်ပါတယ်။

ချင်းပြည်နယ်ဟာ သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့သွယ်တန်းနေတဲ့ အနောက်ရိုးမ၊ ဘင်္ဂလားပင်လယ်အော်ကို စီးဝင်နေတဲ့ ကုလားတန်မြစ်၊ ရှားပါးအပင်များပေါက်ရောက်ရာနဲ့ ရှားပါးသတ္တဝါများခိုအောင်းရာ ခေါ်နူးစုမ်တောင်၊ ဒုတိယကမ္ဘာစစ်အတွင်းထင်ရှားတဲ့စစ်မြေပြင် ကနေဒီတောင်ထိပ်၊ လှပတဲ့ ရိဒ်ရေကန်၊ တသွင်သွင်စီးဆင်းနေတဲ့ မဏိပူရမြစ်၊ ဘွေနုမြစ်၊ ဘုံတလာရေတံခွန် စတဲ့သဘာဝအရင်းအမြစ်များနဲ့ မြေပေါ်မြေအောက် သယံဇာတများတည်ရှိရာနေရာတစ်ခုဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှုမှာ နိုင်ငံရေးအင်အားစုများ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ မိမိတို့အစိုးရက နိုင်ငံ့တာဝန်များကို စနစ်တကျလွှဲပြောင်းရယူခဲ့ပါတယ်။ မိမိတို့အစိုးရအနေနဲ့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများရဲ့ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြနဲ့ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုနဲ့ မြို့နယ်အသီးသီးကြားဖွံ့ဖြိုးတိုးတက်မှုတို့ တစ်ပြေးညီဖြစ်စေဖို့ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများ ပြုပြင်ပေးခြင်းနဲ့ အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်းနဲ့ ဆရာဝန်လိုအပ်မှု ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

ဒါ့အပြင် ချင်းပြည်နယ်အနှံ့အပြားမှာ မဟာဓာတ်အားလိုင်းက လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေဖို့ ပြည်မနဲ့ လွယ်ကူစွာဆက်သွယ်သွားလာနိုင်တဲ့ အဝေးပြေးလမ်းများ၊ ပြည်နယ်အတွင်း လမ်းများကို တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ ချင်းပြည်နယ်ကနေ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးနဲ့ ဆက်သွယ်သွားလာနိုင်မယ့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနဲ့ ပလက်ဝမြို့ဆိပ်ကမ်းတည်ဆောက်ခြင်း၊ ဖလမ်းမြို့မှာ ချင်းပြည်နယ်ရဲ့ ပထမဆုံးလေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ဟားခါး၊ ဖလမ်းနဲ့ပလက်ဝမြို့ပြစီမံကိန်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားတဲ့ ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိနေပြီဖြစ်ပါတယ်။ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နဲ့အတူ တိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ပါတယ်။

ချင်းပြည်နယ်မှာ သွားလာဖို့ခက်ခဲတဲ့ သဘာဝမြေမျက်နှာပြင်နဲ့ မြင့်မားတဲ့တောင်တန်း၊ တောင်စွယ်များ တည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာမှာ အခက်အခဲများကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေနဲ့ ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ချင်းပြည်နယ်အတွင်းရှိတိုင်းရင်းသားများကလည်း တတ်စွမ်းသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။

မကြာခင်ရက်ပိုင်းအတွင်းမှာ ချင်းပြည်နယ်မှာ လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပတော့မယ်ဆိုတာကိုလည်း ဝမ်းမြောက်ဖွယ်ရာကြားသိရပါတယ်။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေ နိုင်ငံအနှံ့အပြားမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေတဲ့အပြင် ပြည်သူလူထုရဲ့ သဘောထားနဲ့ဆန္ဒတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်တာကိုလည်းတွေ့ရှိနေရပါတယ်။ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ဖို့ တစ်ခုတည်းသောလမ်းကြောင်းဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတွေ နှစ်ပေါင်းများစွာမျှော်လင့်တောင့်တနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက်-(၂၁)ရာစုပင်လုံညီလာခံကတစ်ဆင့် လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

မကြာခင်အချိန်အတွင်းမှာ ချင်းပြည်နယ်မှာ ကျင်းပတော့မယ့် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အလွှာပေါင်းစုံ၊ အစုအဖွဲ့ပေါင်းစုံ ပါဝင်နိုင်ကြမှာဖြစ်တဲ့အတွက် ဝမ်းမြောက်စကားကြိုတင်ပြောကြားလိုပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်ဖို့၊ တိုင်းရင်းသားတွေလိုလားတောင့်တနေတဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံချက်ပေးနိုင်မယ့် ဖက်ဒရယ်စနစ်ထွက်ပေါ်လာရေး၊ ပြည်ထောင်စုမျှော်မှန်းချက် ပြည့်ဝအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာမှာ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာနဲ့ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြဖို့ လေးနက်စွာတိုက်တွန်းရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

❂ **မောင်တောဒေသမှ**

ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ယခုအစည်းအဝေးတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်သည့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR)၏ အစီရင်ခံစာပါ အချက်အလက်များနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အရေးယူဆောင်ရွက်ချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း။

မိမိတို့ကော်မရှင်သည် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာပါ ထိခိုက်ဆုံးရှုံးမှုရှိသည့် ကျေးရွာများသို့ ကော်မရှင်အဖွဲ့ဝင်များက အဖွဲ့များခွဲ၍ မိမိတို့အစီအစဉ်ဖြင့် ကွင်းဆင်းထိတွေ့ပြီး သိုသိပ်စွာ သီးခြားတွေ့ဆုံမေးမြန်းသည့် နည်းလမ်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် လည်းကောင်း အချိန်ယူ၍ လေ့လာစုံစမ်းစစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ကော်မရှင်၏မေတ္တာရပ်ခံချက်အရ ကာကွယ်ရေးဝန်ကြီးဌာနက လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက လည်းကောင်း၊ ယင်းဒေသအတွင်း လုပ်ငန်းဆောင်ရွက်ချက်များအပေါ် စုံစမ်းစစ်ဆေးသင့်သည့် အချက်အလက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းလျက် စုံစမ်းစစ်ဆေးလျက်ရှိနေကြပြီဖြစ်ပါကြောင်း။

မောင်တောဒေသအတွင်း ပြန်လည်နေထိုင်ရေး၊ သွားလာခွင့်ရရှိရေးတို့နှင့် စပ်လျဉ်း၍ ကော်မရှင်က ညှိနှိုင်းဖြေရှင်းပေးနိုင်သည်ကို ဖြေရှင်းပေးခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ မိမိတို့ အစီရင်ခံစာ၌ ပြည့်စုံစွာထုတ်ပြန်နိုင်ရေး ပွင့်လင်းစွာ ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရေရှည်ဆောင်ရွက်သင့်သော အခြေအနေများကိုလည်း အကြံပြုကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူးက OHCHR၏ အစီရင်ခံစာပါ အချက်အလက်များနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိမှုအခြေအနေနှင့် အစီရင်ခံစာရေးသားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်များက လိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်းပို့ချ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်းကို ဖေဖော်ဝါရီ ၁၈ နှင့် ၁၉ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အထက(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်း၌ မဲစာရင်းပြုစုခြင်းမှ လွှတ်တော်အမတ်လောင်းများ၏ ခိုင်လုံမဲစာရင်းကြေညာသည်အထိ လုပ်ငန်းစဉ်များကို ပို့ချခဲ့ခြင်းဖြစ်ပြီး မဲစာရင်းပြုစုခြင်းအချက်များ၊ ကြိုတင်လုပ်ဆောင်ရမည့်အချက်များ၊ ရွေးကောက်ပွဲရက်၌မဲရုံမှူးများ တာဝန်ထမ်းဆောင်ရမည့် အချက်များ၊ ရွေးကောက်ပွဲပြီး ညနေပိုင်းမဲရုံပိတ်ခိုက်ပုံစံ ၁၆ ဖြစ်သော ကိုယ်စားလှယ်လောင်းများ၏ ရလဒ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် မြေပြင်၌ လုပ်ဆောင်ရမည့် အရာများကို ပေါင်းစပ်ပို့ချပေးခဲ့ခြင်းဖြစ်သည်။ ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်း၌ မြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာ ၃၂ ခုမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ၆၄ ဦး၊



မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်ကြသော မြို့နယ်အတွင်းရှိ အများယုံကြည်လေးစားရသည့် အဖွဲ့ဝင် ခြောက်ဦး၊ ဌာနဆိုင်ရာ ၁၀ ခုမှ ၁၀ ဦးတို့အား အရှေ့ပိုင်းခရိုင်ကော်မရှင်အဖွဲ့ခွဲက ကြီးကြပ်ပြီး ခရိုင်ကော်မရှင်အဖွဲ့ဝင် ဦးချစ်ဆွေ ဦးဆောင်ကာ မြို့နယ်အတွင်းရှိ နည်းပြဆရာဦးတင်မော်ဦးနှင့် ဆရာဦးလှဝေတို့က ပို့ချပေးခဲ့ကြောင်း သိရသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ မဲရုံ ၁၆၉ ရုံအတွက် မဲရုံနှင့် ဒုမဲရုံမှူး ၃၃၈ ဦးအား လာမည့် မတ် ၁၈ ရက်မှ စတင်ကာ ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲဆိုင်ရာမွမ်းမံသင်တန်းကို ပို့ချရန် စီစဉ်ထားကြောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**(စိုးဝင်း-MLA)**

# ရန်ကုန်အသင်း ဆက်လက်ဦးဆောင်




GFA နှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

၂၀၁၇ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆) တတိယနေ့အဖြစ် GFA အသင်းနှင့် ရန်ကုန်အသင်းသည် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**ရန်ကုန် - နှစ်ဂိုး**
**GFA - ဂိုးမရှိ**

တန်းတက် GFA အသင်း၏ ရှုန်းကန်မှုကြောင့် ရန်ကုန်အသင်း ရှုန်းကန်ခဲ့ရသော်လည်း ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး အနီးကပ်ဆုံးပြိုင်ဘက် ရှမ်းယူနိုက်တက်ကို သုံးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ရန်ကုန်အသင်းသည် နေပြည်တော်အသင်းကို အဝေးကွင်းတွင် အနိုင်ရခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်ခဲ့ပြီး GFA အသင်းမှာလည်း နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း GFA အသင်း၏ ခပ်မာမာတုံ့ပြန်ကစားမှုကြောင့် ထင်တိုင်းမပေါက်ခဲ့ပေ။ ပထမပိုင်းတွင် ရန်ကုန်အသင်း ဂိုးရနိုင်သည့် အခွင့်အရေး နှစ်ကြိမ်ရခဲ့သော်လည်း ဇော်မင်းထွန်း၏ ခေါင်းတိုက်ချက်လွဲချော်ခဲ့သလို ကျော်ကိုကို၏ကန်သွင်းမှုမှာလည်း ဂိုးပေါက်နှင့်လွဲခဲ့သည်။

၄၇ မိနစ်တွင် ရန်ကုန်အသင်း ဂိုးစရခဲ့ပြီး တိုက်စစ်မှူး အီမီကာက GFA နောက်ခံလူကိုကျော်ဖြတ်ကာ သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် GFA အသင်း ကစားကွက်ပျက်သွားသောကြောင့် ရန်ကုန်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၆၇ မိနစ်တွင် ကျော်ကိုကို၏ကန်သွင်းမှု တိုင်ထိထွက်လာသည်ကို ဇွန်မိုးအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၆) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ချစ်ကိုကို**

❖ **ကျောဖုံးမှ**

အခက်တွေ့အောင် လုပ်နိုင်ခဲ့သော်လည်း အသက်အရွယ်ကွာခြားမှုကြောင့် အားချင်းယှဉ်ရာတွင် အားလျော့ခဲ့ရသည်။ ဒုတိယပိုင်းအစသုံးမိနစ်တွင် စင်ကာပူအသင်းက ဒုတိယဂိုး သွင်းယူခဲ့သောကြောင့် မြန်မာအသင်း ရှုန်းကန်ခဲ့ရသည်။ ၈၁ မိနစ်ရောက်မှသာ မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ဟိန်းထက်အောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ သို့သော် တစ်မိနစ်အကြာတွင် စင်ကာပူအသင်းက ဂိုးထပ်မံသွင်းခဲ့သောကြောင့် မြန်မာအသင်းမှာ သရေမျှော်လင့်ချက်ပျက်ပြယ်ခဲ့ရခြင်းဖြစ်သည်။

ယခုခြေစမ်းပွဲကို ကွင်းပိတ်ကစားခဲ့ပြီး ခြေစမ်းပွဲအတွက်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့ခြင်းမရှိဘဲ စင်ကာပူဘောလုံးအဖွဲ့ချုပ်ကသာ ဖေဖော်ဝါရီ ၁၈ ရက်ကတည်းက သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

ဥတုရာသီ တောကိုမှီ၏

# ဝန်ကြီးချုပ်မာကယ်လ်က ဒုက္ခသည်များနှင့် မီဒီယာအပေါ်ထားရှိသည့် သဘောထားကိုချပြ



**ဘာလင် ဖေဖော်ဝါရီ ၁၉**

ဂျာမနီဝန်ကြီးချုပ် အန်ဂျီလာ မာကယ်လ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ စစ်ဘေးရှောင်ဒုက္ခသည်များနှင့် မီဒီယာများအပေါ်ထားရှိသော သဘောထားအမြင်များနှင့် မတူကွဲပြားသော အမြင်များကို ယနေ့ချပြလိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရသည်။

ဝန်ကြီးချုပ်မာကယ်လ်သည် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဂျာမနီနိုင်ငံ၌ ကျင်းပသော မြူးနစ်လုံခြုံရေးဆိုင်ရာ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ စစ်ဘေးရှောင် ဒုက္ခသည်များနှင့် မီဒီယာများအပေါ်ထားရှိသော သဘောထားကို ချပြခဲ့သည်။

စစ်ဘေးရှောင်ဒုက္ခသည်များအား ဖေးမကူညီလက်ခံသည့် ဝန်ကြီးချုပ်မာကယ်လ်၏ မူဝါဒကို သမ္မတဒေါ်နယ်ထရန့်က ကြီးမားသော အမှားကြီးတစ်ရပ်ပင်ဖြစ်သည်ဟု ယခင်ကပြောကြားခဲ့သည်။ ထိုပြောကြားချက်ကို ဝန်ကြီးချုပ်မာကယ်လ်က ယနေ့ကျင်းပသော အစည်းအဝေးတွင် ပြန်လည်ချေပပြောဆိုခဲ့သည်။ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများအပါအဝင် စစ်ဘေးရှောင်ဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားမှုဖြင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် မာကယ်လ်က ပြောကြားခဲ့သည်။

ထို့ပြင် ဂျာမနီနိုင်ငံတွင် နိုင်ငံရေးသမားများနှင့် သတင်းမီဒီယာများသည် တစ်ဦးကိုတစ်ဦး အပြန်အလှန်လေးစားလျက်ရှိကြောင်းနှင့် သတင်းလွတ်လပ်မှုသည် ဒီမိုကရေစီနိုင်ငံတိုင်း၏ အရေးပါဆုံးသော မဏ္ဍိုင်တစ်ရပ်ပင်ဖြစ်သည်ဟု ဝန်ကြီးချုပ် မာကယ်လ်က ဆက်လက်ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံ၏ ကာကွယ်ရေးကဏ္ဍတွင် အသုံးစရိတ် ပိုမိုသုံးစွဲမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်မာကယ်လ်က ပြောကြားခဲ့သည်။ ထိုသို့ ကာကွယ်ရေးအသုံးစရိတ် ပိုမိုသုံးစွဲရန် နေတိုးအဖွဲ့ဝင်နိုင်ငံများအား အမေရိကန်က တိုက်တွန်းထားကြောင်း သိရသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ ကာကွယ်ရေးစရိတ် ပိုမိုသုံးစွဲရန် လိုအပ်သည့်အပြင် လူသားချင်း စာနာထောက်ထားမှုကဲ့သို့သော ကူညီထောက်ပံ့မှုများနှင့် ပဋိပက္ခဖြစ်ပွားမှုနှုန်း လျှော့ချရေးလုပ်ငန်းစဉ်များအတွက်ပါ အသုံးစရိတ်များသုံးစွဲရန်လိုအပ်ကြောင်း ဝန်ကြီးချုပ် မာကယ်လ်က ဆိုသည်။

အဆိုပါ မြူးနစ်လုံခြုံရေးဆိုင်ရာအစည်းအဝေးသို့ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်လည်း တက်ရောက်ခဲ့ကြောင်းသိရသည်။ **အင်န်အိတ်ချ်ကေ။**



# ဖိလစ်ပိုင်၌ မူးယစ်ဆေးဝါးဂိုဏ်းကြီးများ ဖြိုခွင်းနိုင်ရေး စစ်ဘက်ဆိုင်ရာ အထူးစစ်ဆင်ရေးလုပ်ငန်းအဖွဲ့ ထူထောင်မည်

**မနီလာ ဖေဖော်ဝါရီ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ သောင်းကျန်းနေသော မူးယစ်ဆေးဝါးဂိုဏ်းကြီးများကို ဖြိုခွင်းနိုင်ရေးအတွက် ကြည်းတပ်အောက်တွင် အထူးစစ်ဆင်ရေးလုပ်ငန်းတပ်ဖွဲ့တစ်ဖွဲ့ကို ထူထောင်ကာ အစိုးရအဖွဲ့၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အေဂျင်စီကို အထောက်အကူပေးမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ အထက်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။

သမ္မတ ရိုဒရစ်ဂို ဒူတာတေး၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲတွင် မူးယစ်ဆေးဝါး ဂိုဏ်းကြီးများကို ဖြိုခွင်းနိုင်ရန် ရည်ရွယ်လျက် ကြည်းတပ်အနေဖြင့် အထူးစစ်ဆင်ရေးလုပ်ငန်းတပ်ဖွဲ့ကို ထူထောင်မည်ဟု ဖိလစ်ပိုင်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အက်ဒွာဒို အင်နိုက ဘာဂူအိုမြို့၌ ဖေဖော်ဝါရီ ၁၈ ရက်က ဖိလစ်ပိုင်စစ်တက္ကသိုလ်ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ အခမ်းအနားတွင် ပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ သမ္မတ ဒူတာတေး တက်ရောက်ခဲ့သည်။

အထူးစစ်ဆင်ရေးလုပ်ငန်းတပ်ဖွဲ့ကို စစ်သည်အင်အား ၅၀၀ မှ ၅၀၀၀ အထိ ပါဝင်စေမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး အင်နိုက ပြောကြားသည်။ သို့ရာတွင် ကြည်းတပ်အထူး စစ်ဆင်ရေးတပ်ဖွဲ့သည် သွေးထွက်သံယိုမှုများပြားစေနိုင်သော စီးနင်းမှုများကို ပြုလုပ်မည်မဟုတ်ဟု ဆိုသည်။

တပ်မတော်အနေဖြင့် အမျိုးသားရဲတပ်ဖွဲ့၏ စီးနင်းပုံမျိုး ပြုလုပ်မည်မဟုတ်ဘဲ ထိပ်တန်းမူးယစ်ဆေးဝါးဂိုဏ်းသားများကို ဖမ်းဆီးရမိရေးအတွက် ဖိလစ်ပိုင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အေဂျင်စီကို အကူအညီပေးမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး အင်နိုက ပြောကြားသည်။

မိမိ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ပွဲသည် ကြီးစွာအောင်မြင်မှုရရှိမည်ဟု မျှော်လင့်ကြောင်း၊ သို့ရာတွင် မိမိတို့မျှော်လင့်ခဲ့သည်ထက် မူးယစ်ဆေးဝါး ပြဿနာမှာ ရှုပ်ထွေးလွန်းလှကြောင်း၊ သို့ဖြစ်၍ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းတွင် တပ်မတော်၏ အခန်းကဏ္ဍတစ်ရပ်ပါဝင်ရန် လိုအပ်ကြောင်း သမ္မတ ဒူတာတေးက ပြောကြားသည်။ **ရိုက်တာ။**

# တောင်တရုတ်ပင်လယ်ပြင်အတွင်း ကင်းလှည့်စောင့်ကြပ်မှု အမေရိကန် လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအုပ်စုစတင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်ပြည်ထောင်စု လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအုပ်စုသည် တောင်တရုတ်ပင်လယ်ပြင်အတွင်း ကင်းလှည့်စောင့်ကြပ်မှု စတင်ပြုလုပ်ပြီဖြစ်ကြောင်း၊ အငြင်းပွားမှုတွင် အကျုံးဝင်သော ပင်လယ်ရေကြောင်းလမ်းကို ထိန်းချုပ်နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် တင်းမာမှုကြီးထွားလာနေချိန်တွင် အမေရိကန်ရေတပ်က ကင်းလှည့်မှုကို ပြုလုပ်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း မိမိတို့၏ အချုပ်အခြာ အာဏာပိုင်စိုးမှုကို စိန်ခေါ်သည့်လုပ်ရပ်များ မပြုလုပ်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်တွင် သတိပေးခဲ့သည်။

လေယာဉ်တင် သင်္ဘောကြီး ယူအက်စ်အက်ကားလ်ဗင်ဆင်အပါအဝင် တိုက်ခိုက်ရေးအုပ်စုက တောင်တရုတ်ပင်လယ်၌ ပုံမှန်ကင်းလှည့်မှုများကို ဖေဖော်ဝါရီ ၁၈ ရက်မှအစပြု၍ ပြုလုပ်လျက်ရှိကြောင်း အမေရိကန်ရေတပ်က ထုတ်ပြန်ကြေညာသည်။

ပစိဖိတ်ဒေသ၌ ရက်သတ္တပတ်ပေါင်းများစွာ ကြာမြင့်သည့် လေ့ကျင့်မှုသည် မိမိတို့ တိုက်ခိုက်ရေးအုပ်စု၏ စစ်ရေးစွမ်းဆောင်ရည်ကို တိုးတက်စေကြောင်း အဆိုပါတိုက်ခိုက်ရေးအုပ်စု၏ တပ်မှူးကြီး ရေတပ်ဗိုလ်ချုပ် ဂျိမ်းစ်ကီဘီက ပြောကြားသည်။

အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့် လက်ထက်တွင် တောင်တရုတ်ပင်လယ်အရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များကို အကြောင်းပြု၍ တောင်တရုတ်ပင်လယ်ပြင်အတွင်း စစ်ရေးအရ ထိပ်တိုက်တွေ့မှုများ ဖြစ်ပေါ်လာနိုင်ခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ပြင်အတွင်း ပြုလုပ်သည့် ရေတပ်စစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁၇ ရက်တွင် အဆုံးသတ်ခဲ့သည်။ ယင်းစစ်ရေး လေ့ကျင့်မှုတွင် တရုတ်နိုင်ငံ၏ လေယာဉ်တင် သင်္ဘောကြီးပါဝင်ပြီး အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် တရုတ်နိုင်ငံနှင့် ကာလရှည် ပိုင်နက်နယ်မြေ အငြင်းပွားမှုဖြစ်ပေါ်ခဲ့သော အိမ်နီးချင်းနိုင်ငံများအား စိုးရိမ်ပူပန်မှုကို တိုးပွားစေခဲ့သည်ဆို၏။ **ရိုက်တာ။**

# မြောက်ကိုရီးယားထံမှ ကျောက်မီးသွေးတင်သွင်းမှု တရုတ်နိုင်ငံ ဆိုင်းငံ့ထား

**ပေကျင်း ဖေဖော်ဝါရီ ၁၉**



တရုတ်နိုင်ငံသည် ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ မြောက်ကိုရီးယားထံမှ ကျောက်မီးသွေးတင်သွင်းမှု အရပ်ရပ်ကို ဆိုင်းငံ့ထားလိုက်ပြီဖြစ်ကြောင်း တရုတ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျောက်မီးသွေး တင်သွင်းမှု ပိတ်ပင်ချက်သည် ဒီဇင်ဘာ ၃၁ ရက်အထိ အာဏာအသက်ဝင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ကျောက်မီးသွေးတင်သွင်းမှု ပိတ်ပင်ရခြင်း၏အကြောင်းကို အဆိုပါ ကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။ တရုတ်နိုင်ငံ အရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဝမ်ကျိုးပင်လယ်ဆိပ်ကမ်း၌ ဒေါ်လာတစ်သန်းခန့်တန်ဖိုးရှိ ကျောက်မီးသွေးများ တင်ဆောင်လာသည့် မြောက်ကိုရီးယား ကုန်သင်္ဘောတစ်စင်းကို ဆိုက်ကပ်ခွင့်မပြုခဲ့ဟု တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံက တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်ခတ်ခဲ့ပြီး တစ်ရက်အကြာတွင် တရုတ်နိုင်ငံ၏ အဆိုပါ ကြေညာချက် ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်



တောင်တရုတ်ပင်လယ်နဲ့ အရှေ့တရုတ်ပင်လယ်တွေဟာ တရုတ်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေကြား အငြင်းပွားမှုတွေ မြင့်တက်စေတဲ့ ဒေသတွေပါ။ ဒီပိုင်နက်နယ်မြေအငြင်းပွားမှုတွေထဲမှာ ဂျပန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ဖိလစ်ပိုင်နိုင်ငံတွေပါဝင်ပတ်သက်နေတာပါ။ တရုတ်နိုင်ငံဟာ သူ့ရဲ့ကြီးထွားလာတဲ့ဩဇာကို ပိုပိုပြင်ပြင် အသုံးချလာတဲ့အချိန်မှာ အမေရိကန်နိုင်ငံက အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးအတွက် ဘယ်လောက်စိတ်ဝင်တစား တာဝန်ယူမလဲဆိုတာက မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်က “ကျွန်တော်တို့ဟာ ကျွန်တော်တို့ နိုင်ငံရဲ့အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနဲ့ လုံခြုံရေးကို အပြည့်အဝ ကာကွယ်စောင့်ရှောက်သွားမှာပါ။ ပိုင်နက်နယ်မြေတည်တံ့မှုကိုလည်း ထိန်းသိမ်းကာကွယ်သွားမှာပါ”ဆိုပြီး တရုတ်နိုင်ငံရဲ့ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်းပဲ ပြောဆိုထားပါတယ်။

တောင်တရုတ်ပင်လယ်နဲ့ အရှေ့တရုတ်ပင်လယ်ပြင် ပိုင်နက်နယ်မြေအငြင်းပွားမှုတွေမှာ နိုင်ငံခြောက်နိုင်ငံ ပါဝင်ပတ်သက်နေတာပါ။ ဒီလိုအငြင်းပွားနေတဲ့ဒေသတွေဟာ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ ကြွယ်ဝသလို ဒီဒေသကို ဖြတ်သန်းကုန်သွယ်တဲ့ ကမ္ဘာ့ကုန်သွယ်မှုပမာဏဟာ ဒေါ်လာ ထရီလီယံနဲ့ချီ ရှိပါတယ်။ ဒီလိုအခြေအနေတွေကြောင့် တရုတ်နိုင်ငံက သူ့ရဲ့ပင်လယ်ပြင်စိုးမိုးမှုကို တိုးချဲ့လာတဲ့အချိန်မှာ ဂျပန်၊ ဗီယက်နမ်နဲ့ ဖိလစ်ပိုင်နိုင်ငံတွေကလည်း အလားတူ ဆောင်ရွက်လာကြပါတယ်။ တရုတ်နိုင်ငံရဲ့ အရှေ့ဘက်ပင်လယ်ပြင်မှာရှိတဲ့ ဒိုင်အိုယုကျွန်းစုပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံကြား မကြာခဏဆိုသလို ထိပ်တိုက်ရင်ဆိုင်တိုးကြတာပါ။ ဒိုင်အိုယုကျွန်းဆိုတာ တရုတ်ဘာသာနဲ့ ခေါ်တဲ့အမည်ပါ။ ဂျပန်ဘာသာနဲ့ဆို ဒီကျွန်းစုကို ဆန်ကာကူလို့ ခေါ်ပါတယ်။ အငြင်းပွားနေတဲ့ကျွန်းစုတွေဟာ တောင်တရုတ်ပင်လယ်အထိ ကျယ်ပြန့်ပါတယ်။ အမေရိကန်နိုင်ငံကလည်း အာရှ-ပစိဖိတ်ဒေသမှာ စစ်ရေး၊ သံတမန်ရေးဖြန့်ကြက်မှုတွေပြုလုပ်ထားတာမို့ ဒီဒေသမှာ တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံကြား တင်းမာမှုတွေဖြစ်ပွားလာနိုင်ပါတယ်။

ဒိုင်အိုယု/ဆန်ကာကူ ကျွန်းစုတွေနဲ့ ပတ်သက်ပြီး ပိုင်နက်နယ်မြေလွန်ဆွဲပွဲဟာ ၁၈၉၄ခုနှစ် တရုတ်- ဂျပန်စစ်ပွဲကာလကတည်းက တည်ရှိခဲ့တာပါ။ ဒုတိယကမ္ဘာစစ်မှာ ဂျပန်စစ်ရှုံးခဲ့တာနဲ့ ဒုတိယကမ္ဘာစစ်လွန် စစ်အေးခေတ်အခြေအနေတွေကြောင့် ပိုင်နက်နယ်မြေအငြင်းပွားမှုဟာ ပိုရှုပ်ထွေးလာခဲ့ပါတယ်။ ပိုင်နက်နယ်မြေ အငြင်းပွားနေတဲ့နိုင်ငံတွေကြား နိုင်ငံအလိုက်သတ်မှတ်ထားတဲ့ ကိုယ်ပိုင်စီးပွားရေး ပင်လယ်ပြင်နယ်နိမိတ်တွေထပ်နေသလို တစ်ဖက်မှာလည်း ဒီနိုင်ငံတွေအကြား အပြန်အလှန်ကုန်သွယ်မှုတွေက ကျယ်ကျယ်ပြန့်ပြန့် တည်ရှိနေတာပါ။ အခုတောင်တရုတ်ပင်လယ်ပြင်နဲ့ပတ်သက်တဲ့ ကိန်းဂဏန်းအချက်အလက်တွေကို ကြည့်ရအောင်ပါ။ တောင်တရုတ်ပင်လယ်ပြင်ကို ဖြတ်သန်းကူးသန်းနေတဲ့ ကမ္ဘာ့ကုန်သွယ်မှုပမာဏဟာ ဒေါ်လာ ၅ ဒသမ ၃ ထရီလီယံ ရှိပါတယ်။ တောင်တရုတ်ပင်လယ်ကထွက်ရှိမယ့် ရေနံစည်ပမာဏဟာ ၁၁ ဘီလီယံရှိပါတယ်။ ရေနံနဲ့အတူ သဘာဝဓာတ်ငွေ့တွေလည်း တောင်တရုတ်ပင်လယ်မှာ အလျှံအပယ်ရှိနေတာပါ။ တောင်တရုတ်ပင်လယ်ရဲ့ သဘာဝဓာတ်ငွေ့ပိုင်ဆိုင်မှုဟာ ၁၉၀ ထရီလီယံကုဗပေရှိပါတယ်။ တောင်တရုတ်ပင်လယ်ပြင်ရဲ့ ကမ္ဘာ့ကုန်သွယ်ရေးမှာအရေးပါပုံကို တစ်ချက်တည်းနဲ့ပြောရရင် ၂၀၃၅ ခုနှစ်မှာ အရှေ့အလယ်ပိုင်းဒေသက ပြည်ပကိုတင်ပို့တဲ့ စွမ်းအင်လောင်စာတွေရဲ့ ၉၀ ရာခိုင်နှုန်းဟာ အာရှဒေသကို တင်ပို့မှာမို့ ဒီတင်ပို့မှုဟာ တောင်တရုတ်ပင်လယ်ပြင်ကို ဖြတ်သန်းတင်ပို့ရမှာပါ။

တိုးပွားလာနေတဲ့တင်းမာမှုတွေနဲ့အတူ ကာကွယ်ရေးအသုံးစရိတ်တွေမြင့်တက်လာတာနဲ့ စစ်ရေးပူးပေါင်းမှုတွေ့မြင်လာရတာက အံ့ဩစရာတော့မရှိပါဘူး။ ၂၀၀၅-၂၀၁၄ ကာလကိုကြည့်လိုက်ရင် တရုတ်နိုင်ငံရဲ့ ကာကွယ်ရေးအသုံးစရိတ်ဟာ ၁၆၇ ရာခိုင်နှုန်း များလာသလို ဗီယက်နမ်နိုင်ငံရဲ့ ကာကွယ်ရေးအသုံးစရိတ်ကလည်း ၁၇၀ ရာခိုင်နှုန်း တိုးလာပါတယ်။ ဖိလစ်ပိုင်နိုင်ငံရဲ့ ကာကွယ်ရေးအသုံးစရိတ်ကလည်း ၃၀ ရာခိုင်နှုန်း တိုးလာပါတယ်။ ကာကွယ်ရေးအသုံးစရိတ်လျော့သွားတဲ့နိုင်ငံဆိုလို့ ဂျပန်နိုင်ငံပဲရှိပါတယ်။ ဂျပန်နိုင်ငံရဲ့ ကာကွယ်ရေး အသုံးစရိတ်က ၃ ဒသမ ၇ရာခိုင်နှုန်း လျော့ကျသွားတာပါ။ ဒါပေမယ့် ဂျပန်နိုင်ငံက ဖိလစ်ပိုင်ကို ဒေါ်လာသန်း ၁၁၀တန်တဲ့ ကမ်းခြေစောင့်ကင်းလှည့်သင်္ဘော ၁၀ စင်း လှူခဲ့တာကို တွေ့ရပါတယ်။ ဒီလိုနောက်ခံအနေအထားတွေကြောင့် တရုတ်နိုင်ငံအတွင်းမှာ ဂျပန်နိုင်ငံအပေါ် မကောင်းမြင်တာက ၇၈ ရာခိုင်နှုန်းရှိနေသလို ဂျပန်နိုင်ငံအတွင်းမှာ တရုတ်နိုင်ငံအပေါ် မကောင်းမြင်တာက ၈၈ ရာခိုင်နှုန်းရှိနေတာက အံ့ဩစရာမဟုတ်တော့ပါဘူး။

မကြာသေးတဲ့ကာလတွေအတွင်း တရုတ်နိုင်ငံက အငြင်းပွားနေတဲ့ပင်လယ်ပြင်မှာ ကျွန်းတုတွေ ဖန်တီးတည်ဆောက်လာတဲ့အခါ အမေရိကန်နိုင်ငံနဲ့ ဂျပန်နိုင်ငံတွေ အပါအဝင် အခြားအိမ်နီးချင်းနိုင်ငံတွေက တရုတ်နိုင်ငံရဲ့ ရည်မှန်းချက်အပေါ် မေးခွန်းထုတ်လာပါတယ်။ တရုတ်နိုင်ငံက ဒီကျွန်းတုတွေအပေါ်မှာ တိုက်လေယာဉ်ပျံတွေနဲ့ ဒုံးပျံစနစ်တွေကိုသာ ဖြန့်ကြက်ခဲ့မယ်ဆိုရင် တရုတ်နိုင်ငံရဲ့ တိုက်ခိုက်ကာကွယ်နိုင်စွမ်းကို တောင်ဘက်နဲ့ အရှေ့ဘက်မှာ မိုင် ၆၂၀ လောက်အထိ တိုးချဲ့သွားနိုင်မှာပါ။ တရုတ်နိုင်ငံက ဒီလိုကျွန်းတုတွေ ဖန်တီးတည်ဆောက်နေမှုဟာ အရပ်ဘက်ပြည်သူတွေအတွက်လို့ ပြောနေကြပေမယ့် အိမ်နီးချင်းနိုင်ငံတွေက ဒီအချက်ကို သံသယရှိနေကြတာပါ။ တရုတ်နိုင်ငံရဲ့ ကျွန်းတုဖန်တီးတည်ဆောက်မှုဟာ ပါရာဆယ်နဲ့ စပရက်တလီကျွန်းစုတွေမှာ အလျင်မြန်ဆုံးပါ။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကစပြီး ပါရာဆယ်နဲ့ စပရက်တလီကျွန်းစုတွေမှာ တရုတ်နိုင်ငံရဲ့ ကျွန်းတုဖန်တီးတည်ဆောက်မှုဟာ ဧက ၂၉၀၀ ရှိပါတယ်။ အမေရိကန်နိုင်ငံကတော့ ဒီကျွန်းတုတွေမှာ ရဟတ်ယာဉ်ကွင်းတွေ၊ လေယာဉ်ပြေးလမ်းတွေ၊ ဆိပ်ခံတံတားတွေ၊ ရေဒါစခန်းတွေနဲ့ ထောက်လှမ်းရေးစခန်းတွေ ပါတယ်လို့ စွပ်စွဲထားပါတယ်။ စပရက်တလီကျွန်းစုတွေကို ပိုင်ဆိုင်တယ်လို့ ပြောဆိုနေတဲ့ နိုင်ငံတွေထဲမှာ တရုတ်နိုင်ငံအပြင် မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နဲ့ ထိုင်ဝမ်တို့လည်း ပါဝင်ပါတယ်။

ပြောရရင် တရုတ်နိုင်ငံရဲ့ အရှေ့ပင်လယ်နဲ့ တောင်ပင်လယ်ပြင်မှာ နေ့စဉ်သင်္ဘောမျိုးစုံ ထောင်နဲ့ချီဝင်ထွက်လှည့်ပတ်သွားလာနေကြတာပါ။ ဒီထောင်နဲ့ချီတဲ့ သင်္ဘောတွေထဲမှာ ကုန်တင်သင်္ဘောတွေပါသလို ရေတပ်သင်္ဘောတွေလည်း ပါပါတယ်။ ငါးဖမ်းသင်္ဘောတွေလည်းပါပါတယ်။ ဒီထောင်နဲ့ချီတဲ့ သင်္ဘောရေယာဉ်မှူးတွေထဲက တစ်ယောက်ယောက် တွက်ချက်နားလည်မှုလွဲမှားခဲ့ရင်ဖြစ်ဖြစ်၊ ပိုင်နက်နယ်မြေအငြင်းပွားနေတဲ့ နိုင်ငံတွေရဲ့ နိုင်ငံရေးခေါင်းဆောင်တွေ သုံးသပ်ချက်လွဲတာပဲဖြစ်ဖြစ် လက်နက်ကိုင်ပဋိပက္ခက အချိန်မရွေး ပေါက်ကွဲဖြစ်ပွားနိုင်တဲ့ အခြေအနေမျိုးဖြစ်နေပါတယ်။ ဒီလိုသာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့ရင် ဂျပန်နိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတွေရဲ့ စစ်ရေးမဟာမိတ်ဖြစ်တဲ့ အမေရိကန်နိုင်ငံလည်း ပါဝင်ပတ်သက်လာနိုင်ပါတယ်။ ဒါကြောင့် လုံခြုံရေးကျွမ်းကျင်သူတွေက ဒီအငြင်းပွားနေတဲ့ပင်လယ်ပြင်မှာ ပဋိပက္ခဟန့်တားရေးစနစ်တစ်ရပ် မဖြစ်မနေလိုအပ်နေပြီလို့ ထောက်ပြနေကြပါတယ်။

ကျွမ်းကျင်သူတွေရဲ့သုံးသပ်မှုအရ ပဋိပက္ခဟန့်တားရေးမှာ အရေးအကြီးဆုံးက တောင်တရုတ်ပင်လယ်နဲ့ အရှေ့တရုတ်ပင်လယ်ပြင်မှာ သူပိုင်ကိုယ်ပိုင် ပြိုင်ဆိုင်အငြင်းပွားနေတဲ့ နိုင်ငံအားလုံးဟာ ငါးသယံဇာတ၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့လို သယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး (development of resources) မှာ ပူးပေါင်းဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ သယံဇာတခွဲဝေရေး သဘောတူညီချက်တွေမှာ သက်ဆိုင်ရာနှစ်နိုင်ငံအကြား လုံခြုံရေးကင်းလှည့်စနစ်တစ်ရပ် ပါဝင်ဖို့လိုအပ်ပါတယ်။ သက်ဆိုင်ရာ နှစ်နိုင်ငံကြား လုံခြုံရေးကင်းလှည့်စနစ်တစ်ရပ် သဘောတူထူထောင်ထားမှသာ ငါးခိုးဖမ်းတဲ့ကိစ္စတွေ အပါအဝင် ရေနံနဲ့သဘာဝဓာတ်ငွေ့ တူးဖော်ပိုင်ခွင့် အငြင်းပွားတဲ့ကိစ္စတွေကနေ ပဋိပက္ခတောက်လောင်တာမျိုးကို ဟန့်တားနိုင်မှာပါ။ ကျွမ်းကျင်သူတွေက တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံကြား၊ ဂျပန်နိုင်ငံနဲ့ ထိုင်ဝမ်အကြား နှစ်နိုင်ငံချင်းအလိုက် ချုပ်ဆိုထားတဲ့ ပူးတွဲ ငါးဖမ်းရေး သဘောတူညီချက်တွေဟာ သက်ဆိုင်ရာ နှစ်နိုင်ငံအကြား စီးပွားရေးအကျိုးအမြတ်တွေကို မျှဝေခံစားစေတဲ့အတွက် ပဋိပက္ခဖြစ်ပွားနိုင်ခြေကို လျော့ကျစေတယ်လို့ သုံးသပ်ကြပါတယ်။



(ဆက်လက်ဖော်ပြပါမည်)

# နိုဘယ်လ်-မြန်မာ စာပေပွဲတော်မှ အမှတ်တရစာအုပ်များ

## မြင့်ဆွေဦး

နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကို အမျိုးသားကဇာတ်ရုံတွင် ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။ နိုဘယ်လ်-မြန်မာစာပေပွဲတော် ၂၀၁၇ (ရသစာပေ)ဖြစ်သည်။ ပွဲတော်၏ ရည်ရွယ်ချက်မှာ မြန်မာနှင့် နိုင်ငံတကာ စာပေများ၊ အထူးသဖြင့် ရသသဘောနှော‌သော ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဘာသာပြန် ရသစာပေ၊ ရသစာတမ်းစသည့် စာပေလက်ရာများဖြင့် မြန်မာစာပေကို အားဖြည့်မြှင့်တင်ရန်၊ မြန်မာနိုင်ငံတွင် စာအုပ်စာပေကို အများပြည်သူများ စိတ်ဝင်စားမှု၊ လေ့လာဖတ်ရှုမှု တိုးတက်မြင့်မားလာစေရန်၊ ရသစာပေဖန်တီးရေးသားသူတို့၌ စိတ်ကူးစိတ်သန်းသစ်၊ စိတ်အားထက်သန်မှုအသစ်များနှင့်အတူ တီထွင်ဖန်တီးမှုအသစ်များ တိုးတက်ဖြစ်ပေါ်လာစေရန်၊ စာပေ၏အရေးကြီးသော အကျိုးကျေးဇူးတစ်ရပ်မှာ အတွေးအမြင်၊ ဗဟုသုတကြွယ်ဝခြင်းနှင့်အတူ သဘောထားကြီးခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုရရှိစေခြင်းဖြစ်ကြောင်း အများပြည်သူတို့ တိုးတက်သိမြင်လာစေရန် စသည်တို့ဖြစ်သည်။

နိုဘယ်လ်စာပေပွဲတော် ကော်မတီဝင်များ၏ ကြိုးပမ်းအားထုတ်မှုအဖြစ် မြန်မာဝတ္ထုစာအုပ် ၁၀၀နှင့် မြန်မာကဗျာ ၁၀၀ စာရင်းကိုပြုစု၍ တင်ပြနိုင်ခဲ့သည်။ ထို့အပြင် ရသပျိုးခင်းဟူ၍ မြန်မာဝတ္ထုတိုများ စုစည်း၍ အမှတ်တရ ထုတ်ဝေခဲ့သည်။ မြန်မာကဗျာ ၁၀၀ ကိုလည်း (နှစ်ဆယ်ရာစု မြန်မာကဗျာ ၁၀၀)ဟူ၍ စုစည်းထုတ်ဝေနိုင်ခဲ့သည်။

မြန်မာကဗျာ ၁၀၀ ကို ရွေးချယ်ရသည်မှာ လွယ်ကူသည့်ကိစ္စမဟုတ်၊ မြန်မာကဗျာ နှစ်တစ်ရာ (၁၉၀၀- ၂၀၀၀)အတွင်း ကဗျာဆရာ တစ်ရာ၊ ကဗျာတစ်ရာကို ရွေးချယ်ရခြင်းဖြစ်သည်။ ထိုနှစ်ကာလအတွင်း ကဗျာဆရာပေါင်းများစွာက ကဗျာပေါင်းထောင်သောင်းမက ရေးဖွဲ့ခဲ့ကြသည်။ ထိုအထဲမှ ကဗျာ ၁၀၀ ကိုသာ ရွေးချယ်ရမည်ဖြစ်၍ ကျန်ရစ်သူများလည်းရှိမည်ဖြစ်သည်။ ထို့အပြင် ယခုရွေးချယ်တင်ပြထားသော ကဗျာ ၁၀၀ ကိုလည်း အချို့က သဘောတူကြမည်မဟုတ်ပါ။ လက်ခံကြမည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေကာမူ နိုဘယ်လ်-မြန်မာ စာပေပွဲတော်ကော်မတီက ၂၀ ရာစု ကဗျာဆရာ ၁၀၀၊ ကဗျာ ၁၀၀ ကို စုစည်းကာ အမှတ်တရ ထုတ်ဝေနိုင်ခဲ့ပေသည်။

ရွေးချယ်ထားသော မြန်မာကဗျာ ၁၀၀ ထဲမှ ဘုတလင်ချစ်လေး၏ ‘ကချေသည်’ ကဗျာကို တင်ပြလိုက်ပါသည်။

**ကချေသည်**

**ပရိယေသန၊ ဝမ်းခါးလှုဖို့**
**ကျွန်မ ကရပါသည်ရှင်။**
**ရယ်ချင်လျက်လည်း**
**ဇာတ်ကွက်နှင့်ဆ ငိုလိုက်ရသည်။**
**လွမ်းတရှူလျှက်၊ တသက်သက်လည်း**
**ခိုင်းချက်ညီရန်၊ ရယ်ရပြန်တည့်။**
**တစ်ရုံခါမူ၊ မချစ်သူလည်း**
**ကြည်ဖြူလေအောင်၊ ဟန်ပန်ဆင်၍**
**ချစ်ကြင်သူလည်း၊ မုန်းမာန်သည်းသို့**
**တစ်နည်း၊ တစ်တန်၊ ဖန်ရပြန်တည့်။**
**စိတ်ကမပါ**
**ရွှေပွဲလာများ၊ ရွှင်အားရဖို့**
**တွေးဆရှုမျှော်၊ သရုပ်ဖော်ခဲ့**
**နောက်သော်မျက်ကွယ်၊ လွမ်းရေးသယ်၍**
**မှုန်းခြယ်ဘဝ၊ တသသဖြင့်**
**စီးကျမျက်ရည်၊ ဖြေမဆည်ကို**
**သိမည်တော့ဖြင့်၊ မဟုတ်ကြ။**
**အမှန်တော့လျှင်**
**ဘဝစင်စစ်၊ မေ့ပျောက်ပစ်၍**
**ဖြစ်ချင်သမှု၊ အာရုံပြုကာ**
**ရှုသူစိတ်ကြိုက်၊ အလိုလိုက်၍**
**ကိုက်ညီအောင်သာ၊ ပြုရပါသည်**
**ဒါဟာအနုပညာလား။**
**ပရိယေသန၊ ဝမ်းခါးလှုဖို့**
**ကျွန်မ ကရပါသည်ရှင်။**

**ဘုတလင်ချစ်လေး**

နှစ်ဆယ်ရာစု မြန်မာကဗျာ၁၀၀ထဲမှာ နောက်တစ်ပုဒ်ကို တင်ပြလိုပါသည်။ ယင်းမှာ ပျဉ်းမနား မောင်နီသင်း၏ “မြစ်ဆုံ”ကဗျာဖြစ်သည်။

**မြစ်ဆုံ**

**လက်ယာလက်မှ**
**ရွှေခွက်ဖြင့်သာ၊ သွန်းခဲ့ပါ၍**
**သီတာခွေရစ် မေခမြစ်။**
**လက်ဝဲလက်မှ**
**ငွေခွက်ဖြင့်သာ၊ သွန်းခဲ့ပါ၍**
**သီတာခွေရစ် မလိခမြစ်။**
**ပုံပြင်ထဲမှာ၊ ထိုသို့ပါသည့်**







**နှစ်မြွာမြစ်သည်၊ ပေါင်းစုံသည်၌**
**ရေကြည်မြမြ၊ တေးတစ်စနှင့်**
**တို့အဖသို့ မြစ်ရော။**
**ရောဝတီ၊ မြစ်နဒီသည်**
**ပြည်ထောင်စု၏သမိုင်းပင်။**
**ဤမြစ်ဆုံမှာ၊ တို့ဆုံရာ၌**
**စိတ်မှာကြမ်းခတ်၊ မြေသို့သက်၍**
**ပန်းခက်နွယ်သို့ ပြေခဲ့ပြီ။**
**ဤမြစ်ဆုံမှာ၊ တို့ဆုံရာ၌**
**အနာဂတ်တွက်၊ မျှော်လင့်ချက်တို့**
**ဖူးရွက်များသို့စိမ်းခဲ့ပြီ။**

**ပျဉ်းမနားမောင်နီသင်း**

“နှစ်ဆယ်ရာစု မြန်မာကဗျာ၁၀၀”တွင် ရွေးချယ်ဖော်ပြခဲ့သော ကဗျာများ၏အပြီးနှစ်များ၊ ဖော်ပြခဲ့သည့် စာနယ်ဇင်းများ မတွေ့ရသဖြင့် တစ်ခုခုလိုနေသလိုခံစားရပါသည်။

နိုဘယ်လ်-မြန်မာစာပေပွဲတော် (၂၀၁၇)ရသစာပေ ပိုမိုထွန်းကားပြန့်ပွားရေးအစီအစဉ်အတွက် နိုဘယ်လ်- မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီက အမှတ်တရထုတ်ဝေသော စာအုပ်မှာ ရသပျိုးခင်းဖြစ်သည်။ ရသပျိုးခင်းကို (၁) မှ (၃)အထိ စုစည်းထုတ်ဝေခြင်းဖြစ်သည်။ ရသပျိုးခင်းမှာ ရသစာဖတ်ဝိုင်းအတွက်ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်သည်။ ဝတ္ထုတိုများကို ရွေးချယ်တင်ဆက်ထားခြင်းဖြစ်သည်။

ထိုစာအုပ် ရသပျိုးခင်းစာအုပ်များကို ဝယ်ရင်လည်း မရောင်းပါ။ တောင်းရင်လည်းမပေးပါ။ နိုဘယ်လ်-မြန်မာစာပေပွဲတော်(၂၀၁၇) အစီအစဉ်တစ်ရပ်ဖြစ်သော ရသစာဖတ်ဝိုင်းအတွက် အခမဲ့ဖြန့်ဝေခြင်းဖြစ်သည်။

ရသပျိုးခင်း (၁)တွင် ဝတ္ထုတို ၂၁ ပုဒ်ပါဝင်သည်။ ထိုဝတ္ထုတိုများထဲမှ ရဲသျှမ်း၏ “လက်ကျန်စာမျက်နှာ”ကို မိတ်ဆက်ပေးလိုပါသည်။ ထိုဝတ္ထုမှာ ဒေါ်အောင်ဆန်းစုကြည် ၂၀၀၀ပြည့်နှစ် စက်တင်ဘာလတွင် မန္တလေးသို့ စည်းရုံးရေးခရီးထွက်ရန် ရန်ကုန်ဘူတာကြီး၌ လက်မှတ်ဝယ်ပြီးစီးရန် လက်မှတ်ရောင်းသည့်နေရာ၌ တန်းစီခဲ့လေသည်။ သို့သော် သက်ဆိုင်ရာက ဒေါ်အောင်ဆန်းစုကြည်တို့အား မီးရထားစီးခွင့်လက်မှတ်ရောင်းချမပေးပါ။ ထို့အပြင် ထိုနေ့ညနေထွက်မည့်ရထားကိုလည်း ဆိုင်းထားလိုက်သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့က ညနေရထားမစီးရလျှင် နောက်နေ့ နံနက်ထွက်မည့်ရထားကို စောင့်စီးမည်ဟုဆိုကာ ဘူတာစကြံတွင် ထိုင်နေခဲ့သည်။ အကြောင်းအမျိုးမျိုးပြပြီး ဘူတာရုံမှ ပြန်ခိုင်းသည်။ နောက်ဆုံး မည်သို့မှ လုပ်၍မရသဖြင့် အင်အားသုံးပြီးဖယ်ရှားခဲ့သည်။ ထိုသို့ ဖယ်ရှားရာတွင် ဒေါ်အောင်ဆန်းစုကြည်ကို ကူညီရန်ရှိနေသည့် ယခု သမ္မတကြီးဖြစ်သည့် ဦးထင်ကျော်နှင့်ဒေါ်အောင်ဆန်းစုကြည်၏ အစ်ကိုဝမ်းကွဲ ဦးအေးဝင်းတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့လေသည်။

ရဲသျှမ်းက ‘လက်ကျန်စာမျက်နှာ’ တွင် ထိုအကြောင်းကို စာဖွဲ့မှတ်တမ်းတင်ခဲ့သည်။

(လက်မှတ်ကုန်ပြီပြော၊ အရောင်းပိတ်ပလိုက်၊ ရိုးရိုးတန်း၊ အထက်တန်းဘာမှ မရောင်းနဲ့၊ ရထားအကုန်နော်။ လွဲချော်လို့ကတော့ ခင်ဗျားတို့နာပြီမှတ်။)

ငါတို့သာ သိ၊ ငါတို့သာ တတ်၊ ငါတို့သာလျှင် အမှန်ဆုံး၊ အကြောက်တရားအောက်မှာနေစေ။ အစ်ကိုကြီး၊ ညီလေးကျ ညီညွတ်ကြ။ ငါ့အမိန့်၊ ငါ့ဥပဒေသာအတည်။ ဒူးတုန်၊ အသံတုန်၊ အမိန့်နာခံသံကို သာယာသူတို့၏ အမိန့်။ ပြီးတော့ ဆဲဆိုကြိမ်းမောင်းရန် ကြံစည်ရော့မည်။

သေချာတယ်။ ရထားမစီးရအောင် တားဆီးကြလိမ့်မယ်။ ဘယ်လိုတားမလဲ။ တားလို့ကော ရမှာတဲ့လား။ ဘာကို၊ ဘယ်လို၊ ဘယ်လောက်တောင်ကြောက်နေကြတာလဲ။ အပ်တိုတစ်ချောင်းတောင် မကိုင်တဲ့ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင်က ဘာအဖျက်အမှောင့် လုပ်မှာမလို့လဲ။ ရန်ကုန်ကနေ မန္တလေးရထားစီးတာပဲ။ အကျယ်ချုပ်ထားတာမှ မဟုတ်တာ။ တိုင်းပြည်က လိုအပ်နေတဲ့ ခေါင်းဆောင်ကို သဲကြီးမဲကြီး ချိုးနှိမ်နေကြတာပါလား။

သူ့ကြောင့် တိုင်းပြည်ဘာမှ ထိခိုက်မသွားဘူး။ ကောင်းလာဖို့ပဲ ရှိတယ်။ အဖေလို ထက်မြက်သူ၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားသူပါ။ နိုင်ငံသစ်ကို ထူထောင်မယ့်သူပါ။ ဒီမိုကရေစီကို ဖော်ဆောင်မယ့်သူပါ။ တော်ကြပါတော့။ ရပ်ကြပါတော့။ အာဏာကို ဘယ်လောက်ထိ ကိုင်ဆုပ်ထားချင်နေကြတာလဲ။ တိုင်းပြည်နာလှပါပြီ။ အဆင်းရဲဆုံးနိုင်ငံ၊ ကျဆုံးနေတဲ့ ပညာရေး၊ ညံ့ဖျင်းလှတဲ့ လမ်းပန်းဆက်သွယ်ရေး၊ စုတ်ပြတ်နေတဲ့ကျန်းမာရေး၊ စာပေလွတ်လပ်မှု ဆုံးရှုံးနေတဲ့ နိုင်ငံဖြစ်နေပြီ။ မှတ်တမ်းဝင်နေပြီ။ ရှက်ကြပါတော့။

ဘယ်လိုမှ ပြောလို့မရဘူးဆရာ၊ ကျွန်တော်ပြောသမျှကို မကြားသလို လုပ်နေတယ်။ ပင်နီတိုက်ပုံ၊ လွယ်အိတ်လွယ်ထားတဲ့ ဘကြီးက မင်းတို့ဗမာ လူမျိုးဖြစ်ပြီး မမိုက်ရိုင်းနဲ့လို့ ပြောတယ်ဆရာ။

ဘဘကို သူတပည့် မသိ၍ဖြစ်မည်။ ထိပ်တန်းရာထူးကြီးမှ မတရားဖယ်ရှားခံရသော ဘဘကတော့ ကျင့်သားရခဲ့သော မာန်မာနတွေ ရှိဦးမှာပါပဲ။ အဲသည်မာန်တွေ၊ ဦးမည္ဓတ်မှုတွေ၊ ရင်ဆိုင်ရဲသော သတ္တိတွေ သူရချင်စမ်းလှသည်။

သူဘယ်လိုမှ မထင်ထားသော ဖြစ်ရပ်။ အင်အားသုံးချေပြီ။ ချိုင်းနှစ်ဖက်ကို ဖမ်းကိုင်ဆွဲထုတ်ကြ၊ အတင်းအကျပ်ဝင်ဆွဲကြနှင့် ရုတ်ရုတ်သဲသဲဖြစ်သွားလေသည်။ ဘဘလည်း ယက်ကန်ယက်ကန်ပါသွားချေပြီ။ ဟိုလူငယ်လေးတွေ ခုနစ်ယောက်လည်း ဘာသားနှင့် ထုထားသည်မှတ်လို့။

ဟော အမေနားကို အမျိုးသမီးတစ်ယောက် ပြေးကပ်ပြီး လက်ကိုင်ပဝါဖြင့်မျက်နှာကို ဆွဲအုပ်လိုက်တာကို မြင်လိုက်ရသည်။ မျက်စိတစ်မှိတ်အတွင်းမှာပဲ ပျော့ခွေကျသွားလေသည်။ စခန်းသာထွက်ပေါက်ဆီပွေ့ခေါ်သွားတာကို မြင်လိုက်ရသည့်အခိုက်. . ။

ရသပျိုးခင်း (၂) မှ မိချမ်းဝေ၏ ‘တအိအိနွံ’မှာ ယနေ့ခေတ် လူကုန်ကူးနေသည်ကို သရုပ်ဖော်ထားခြင်း ဖြစ်သည်။ မရှိဆင်းရဲသား၊ ငွေကြေးချို့တဲ့နေသူများကို ဖြားယောင်း၍ ငွေနှင့်ဆွယ်ကာမကောင်းမှုနွံထဲ ဆွဲနှစ်ကြသည်။

‘ခင်ဝင်းမြင့်လန့်သွားလိုက်တာ နားထဲမှာ တော်လဲသံ၊ မြေပြိုသံကြားလိုက်ရသလိုပဲ။ ခင်ဝင်းမြင့်ရဲ့ မျက်လုံး မျက်ဆန်ပြူးနေပုံကိုကြည့်ပြီး မမော်က တခစ်ခစ်ရယ်တယ်။

ဒီမှာ ညီမလေး၊ စိတ်ကူးမလွဲနဲ့၊ ပိုက်ဆံက မြိုးခနဲ မြက်ခနဲ ရမှာနော်။ ရော့ပတ္တမြား၊ ရော့နဂါးပဲ။ တစ်ခါဆို တစ်ခါမှန်း သိသိသာသာ၊ ငါ့ညီမလို အသစ်ကလေးဆိုရင် ခေါ်သလောက်ဈေးရတယ်၊ တစ်သိန်းဆိုလည်းဟုတ်၊ နှစ်သိန်းဆိုလည်းဟုတ်’

‘တစ်သိန်း၊ နှစ်သိန်း၊ ဟုတ်လား’

ခင်ဝင်းမြင့်က မကြားဖူးသလို ရေရွတ်နေတော့ မမော်တစ်ယောက် တခစ်ခစ်ရယ်ပြန်တယ်။

‘မီတော့ ညကတစ်ညလုံးအိပ်မပျော်ဘူး။ အပျိုတောင် ကောင်းကောင်းမဖြစ်သေးတဲ့အရွယ်ကို ယောကျ်ားတကာနဲ့’

မီမီက ဒေါသထွက်ပြီး စကားမဆက်နိုင်ဖြစ်နေတယ်။ ဆံပင်ဆေးဆိုးခံနေတဲ့ မိန်းမက ဇိုးဇတ်နဲ့ ဝင်ပြောပါရော။

‘ဟဲ့ သူက စံပယ်မွှေးမွှေးအရွယ်လေးလိုချင်မှာပေါ့။ အခုခေတ်ယောကျ်ားတွေက ဒီအရွယ်လေးတွေ ကြိုက်တာလေ။ အသစ်လေးမှကြိုက်တာ’

‘အသစ်၊ ဘာလဲ’

‘နင်တို့က လူငယ်တွေဖြစ်ပြီး ဝေးပြန်ပြီ။ အသစ်လေးဆိုတော့ ဈေးကောင်းရတာကိုး။ အသစ်ဆိုရင် ဈေးတစ်မျိုးတဲ့’

ရသပျိုးခင်း (၃)တွင် ဆရာမ သန်းမြင့်အောင်၏ “အထူးအပါး”ဝတ္ထုတိုကို ဖော်ပြထားသည်။ ထိုဝတ္ထုမှာ ကွယ်လွန်သွားသူများကို မီးသဂြိုဟ်သည့်အချိန်တွင် အလောင်းပြင်ပေး၊ ပန်းခွေ၊ ပန်းခြင်းစီစဉ်ပေးရသည့် အလုပ်သမားလေးတစ်ဦးအကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ကွယ်လွန်သူ၏ ရုပ်အလောင်းကို မီးသဂြိုဟ်ရန်အတွက် ရေခဲတိုက်မှထုတ်၍ အလောင်းကိုပြင်ပေးရသည်။ အချို့အသုဘရှင်များနှင့် ကွယ်လွန်သူတို့၏ မိတ်ဆွေအပေါင်းအသင်းများက ပန်းခွေများ၊ ပန်းခြင်းများလာပို့ကြသည်။ တချို့ကျတော့လည်း ပန်းခွေ၊ ပန်းခြင်းမပါ၊ ထိုအခါ ရေခဲတိုက်မှ ကလေးများထံမှတစ်ဆင့် ဝယ်ယူရသည်။ ထိုပန်းခွေ၊ ပန်းခြင်းများက ယခင်ကသဂြိုဟ်သွားသည့် ဈာပနများမှ ယူငင်ထားသည့် ပန်းခြင်း၊ ပန်းခွေများဖြစ်သည်။ ယင်းတို့ကို လိုအပ်သူများအား တစ်ဆင့်ပြန်ရောင်းခြင်း ဖြစ်သည်။ ထိုအကြောင်း ဆရာမသန်းမြင့်အောင်က ရေးဖွဲ့ထားသည်မှာ-

‘ပေတိုးနှယ် ငေးရန်ကောကွာ၊ ရေခဲတိုက်မှာနေပြီး မသာမပြင်ဖူးတာကျနေတာပဲ။ ကိုယ့်အလုပ်ကိုယ်လုပ်ရမှာပေါ့။ ဟို ဆရာလေးတို့ ပန်းခြင်းလေး၊ ပန်းခွေလေးချထားမှလှမှာပေါ့ဗျ၊ ပါမလာရင်လည်း အချိန်ရှိတုန်း ဝယ်လိုက်လေ။ ဒီကောင်လေးတွေဆီမှာ ရှိတယ်’

ပေတိုးကိုသတိပေးရင်း တစ်ဆက်တည်း မသာရှင်တွေကိုပါ လှမ်းအကြောင်းကြားလိုက်သည်။

‘အိမ်ကလာရင် ပန်းခွေပါချင်မှ ပါလာမှာ။ လိုလိုမည်မည် ပန်းခြင်းတစ်ခြင်းလောက်တော့ ဝယ်ချင်တယ်။ ဘယ်လောက်လဲ’

‘လိုက်ကြည့်ပေါ့၊ အစ်ကိုတို့ကြိုက်တာရွေးပေါ့၊ ပြီးမှ ဟိုမှာဈေးပြော’

ပေတိုးသွက်လက်ဖျတ်လတ်စွာ ပန်းထားရာစတိုခန်းဘက်သို့ ဦးဆောင်ခေါ်လာခဲ့ပြီး စတိုခန်းတံခါးကို အသာတွန်းဝင်လိုက်ပြီး -

‘အမေရေ၊ ပန်းယူမယ်’ဟု လှမ်းအသံပြုလိုက်သည်။ အခန်းထဲတွင် ပန်းခြင်း သုံးခြင်းနှင့်ပန်းခွေအချို့ကို မတူးက စီတန်းပြရင်း -

‘ကြိုက်တာရွေးပါ’ဟုဆိုရင်း ဝယ်သူမျက်စိကျမည့်ပန်းခြင်းကို ပန်းများထပ်မံ ဖြည့်စွက်ပြုပြင်ကာ မွမ်းမံပေးနေသဖြင့် ရှုံးပန်းတုတ်တုတ်ကြီးများဖြင့် ဝေဝေဆာဆာလှနေသော သစ္စာပန်းခြင်းကိုရွေးပြီး တစ်ရာ့လေးဆယ်နှင့် ဝယ်ဖြစ်သွားသည်။ ။

# ကျွန်းရွှေဝါတွေ ပျိုးကြမယ်

ဆောမျိုးနွယ်



လာမယ့်စိုက်ပျိုးရာသီမှာ အသင့်စိုက်ပျိုးနိုင်ဖို့ဆိုရင် ဖေဖော်ဝါရီလအတွင်းမှာ ပျိုးထောင်တဲ့အလုပ်ကို စတင်ရမှာဖြစ်လို့ အချိန်မီ နှိုးဆော်ပေးလိုက်တာပါ။ ဒါကလည်း အပင်လိုအပ်ချက် ထောင်နဲ့ သောင်းနဲ့ ချီတဲ့သူတွေအတွက် အဓိကရည်ရွယ်ပါတယ်။ ဆယ်ဂဏန်း၊ ရာဂဏန်းလောက်ပဲ စိုက်မယ့်သူတွေကတော့ အပင်ပန်းခံမနေပါနဲ့။ နီးစပ်ရာ ပျိုးထောင်တဲ့သူတွေနဲ့သာ ညှိနှိုင်းလိုက်ပါ။ ကိုယ်တိုင်ပျိုးရတာကိုမှ ကျေနပ်ကြတဲ့သူတွေအတွက်တော့လည်း နည်းနာယူစေပေ့ါဗျာ။

ဒါနဲ့ပြောရဦးမယ်။ ကျွန်းပျိုးကြမယ်ဆိုလို့ ခင်ဗျားက စိုက်ပျိုးရေးပညာရှင်ကြီးလား၊ သစ်တောပညာကျွမ်းကျင်ကြီးလားလို့ မေးလာရင်တော့ မဟုတ်ရပါဗျာလို့ပဲ ဖြေရမှာပါ။ ဒါဆို ဘယ်လိုနဲ့ ဒီအကြောင်းပြောနေရတာလဲလို့ မေးစရာရှိနိုင်ပါသေးတယ်။ ကျွန်တော်က စပ်စုတတ်တယ်၊ လက်တွေ့သမားကြီး။ လောကကြီးမှာ ဘယ်ပညာရပ်မဆို စပ်စုရင်းကနေ ရကြတာပဲမဟုတ်လား။ ပါးစပ်ပါ ရွာရောက်ဆိုတဲ့ ဆိုရိုးစကားလည်း ရှိတယ်လေ။ နောက်ပြီး လက်တွေ့သမားဆိုတော့ စပ်စုလို့ရသမျှကို ကိုယ်တိုင်လုပ်ကြည့်ရင်းက ရလာတဲ့အတွေ့အကြုံလေးတွေကို ပြောပြသွားမှာပါ။

ကျွန်းသစ်နဲ့ပတ်သက်လို့ ငယ်ငယ်ကကျောင်းစာမှာ သင်ခဲ့ရတာလေးပြောရရင် “ကျွန်းသားကို ခြမစား၊ ကျုံ့ခြင်း၊ ကွဲခြင်းမရှိ၊ ခိုင်ခံ့၏။ အဆောက်အအုံ၊ ပရိဘောဂနှင့် လှေ၊ သင်္ဘောများ တည်ဆောက်ရာတွင် အသုံးပြုကြသည်။ နိုင်ငံခြားဝင်ငွေရရှိရန် ပြည်ပသို့ တင်ပို့ကြသည်” လို့မှတ်မိနေပါတယ်။ ဒီလိုအရည်အသွေးတွေရှိလို့လည်း ကျွန်းကို ရတနာတန်းဝင် သစ်ပင်အဖြစ် သတ်မှတ်ခဲ့ကြတာဖြစ်မယ် ထင်ပါတယ်။

ကျွန်းသစ်ဟာ အရည်အသွေးကောင်းသစ်ဖြစ်သလို ကမ္ဘာ့နိုင်ငံတိုင်းမှာ ပေါက်ရောက်တဲ့ သစ်ပင်မဟုတ်တာရယ်၊ မြန်မာနိုင်ငံကထွက်တဲ့ ကျွန်းသစ်အရောင်အဆင်းပေါ်မူတည်ပြီးတော့ရယ် ကျွန်းရွှေဝါလို့လည်း ရှားပါးပြီးတန်ဖိုးကြီးတဲ့ ရတနာနဲ့ထပ်တူပြုတင်စားခေါ်ဝေါ်ခဲ့ကြပြန်ပါတယ်။

ဒ့ါအပြင် နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ မြန်မာပြည်သိမ်းစီမံချက်အတွက် အဓိကအကြောင်းပြချက်ကလည်း မြန်မာပြည်ကထွက်တဲ့ မြန်မာ့ကျွန်းသစ်ကိစ္စဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကိုကြည့်ရင် ကျွန်းသစ်ဟာ မြန်မာ့သမိုင်းနဲ့မကင်းဘူးလို့ ဆိုနိုင်ပြန်ရောပဲ။

ဒီနေရာမှာ နယ်ချဲ့အင်္ဂလိပ်တွေ မြန်မာ့မြေပေါ်၊ မြေအောက်က သယံဇာတတွေကို စိတ်ရှိတိုင်းခိုးထုတ်နိုင်ဖို့ စနစ်တကျလုပ်ခဲ့တာလေးလည်း ပြောလိုပါသေးတယ်။ သူတို့ရဲ့စစ်သုံးမြေပုံတွေမှာ မြန်မာနိုင်ငံရဲ့ဘယ်နေရာက ရေနံထွက်တယ်၊ ဘယ်နေရာက ကျောက်သံပတ္တမြားထွက်တယ်၊ ဘယ်နေရာမှာတော့ သစ်တောကြီးတွေရှိတယ် စသည်ဖြင့် နေရာအတိအကျ မှတ်သားထားခဲ့ကြတာတွေ့ရတယ်။

အခုပြောနေတာက သစ်ပင်သစ်တောအကြောင်းဆိုတော့ အဲဒီအထဲက သစ်တောနဲ့ သက်ဆိုင်တာလောက်ပဲ ပြောပြလိုပါတယ်။ မြေပြင်မှာ သစ်တောကြိုးဝိုင်းမှတ်တိုင်တွေ၊ အမှတ်အသားတွေလုပ်သလို မြေပုံပေါ်မှာလည်း အသေးစိတ်မှတ်တမ်းတင်ထားကြတယ်။ သစ်တောကြီးတွေထဲက လူသွားလမ်းလေးကအစ ခြောက်သွေ့တဲ့ရာသီမှာ မော်တော်ကားသွားနိုင်တဲ့လမ်းတွေအထိ မှတ်သားခဲ့ကြတယ်။ ဆင်နဲ့တစ်နေ့ခရီးပေါက်တဲ့ နေရာတိုင်းလိုလိုမှာ ကြိုးဝိုင်းစခန်းတို့၊ သစ်တောအိမ်တို့၊ ဗိုလ်တဲတို့လို အဆောက်အအုံတွေဆောက်ပြီး အင်္ဂလိပ်အက္ခရာ အတိုကောက်နဲ့ မှတ်တမ်းတင်ထားကြတယ်။

ဒါမှလည်း သဘာဝတောတွေထဲက သစ်တွေကို စဉ်ဆက်မပြတ် အလွယ်တကူ ထုတ်လုပ်နိုင်မှာလေ။ အဲဒီအဆောက်အအုံတွေရဲ့ ဝန်းကျင်မှာလည်း ဒေသခံတိုင်းရင်းသားတွေကို တောင်ယာလုပ်ကိုင်စားသောက်ရင်း နေထိုင်ခွင့်ပြုပေးခဲ့တယ်။ အဲဒီလို နေထိုင်လုပ်ကိုင်ခွင့်ပြုတာကလည်း အကြောင်းမဲ့တော့ မဟုတ်ပါဘူး။ တိုင်းရင်းသားတွေ ရွှေ့ပြောင်းလုပ်ကိုင်ကြတဲ့ တောင်ယာကွက်တွေထဲမှာ ကျွန်းပင်တွေကို အသစ်ပြန်လည် စိုက်စေခဲ့ပါတယ်။

အဲဒီတုန်းကစိုက်ခဲ့တဲ့ ကျွန်းပင်တွေဟာ နှစ်တွေကြာလာတဲ့အခါမှာ ကျွန်းတောကြီးတွေဖြစ်လာကြတာပေ့ါ။ ဒါကိုမသိတဲ့သူတွေကတော့ ကျွန်းတောကြီးက လူစိုက်ထားတဲ့အတိုင်းပဲလို့ထင်ကြမှာပါ။ အမှန်ကတော့ ထင်တဲ့အတိုင်း လူတွေစိုက်ထားခဲ့ကြတာပါ။ အလေ့ကျပေါက်တဲ့အပင်တွေလည်း ပါနေပါလိမ့်မယ်။ အခုတော့လည်း ဒီလိုကျွန်းတောကြီးတွေမြင်ရဖို့က တော်တော်ခက်ခဲသွားပြီလို့ ဆိုရပါလိမ့်မယ်။

ဆိုလိုချင်တာက ဒီနိုင်ငံကို ကျွန်ပြုခဲ့တဲ့ တိုင်းတစ်ပါးသားတွေတောင် သဘာဝတောတွေထဲက သစ်တွေကို ထုတ်ခဲ့ကြတယ်။ ခုတ်ခဲ့တဲ့ နေရာတွေမှာ ကျွန်းပင်တွေအသစ်ပြန်စိုက်ခဲ့ကြသေးတယ်ဆိုရင် ဒီမြေမှာနေ၊ ဒီမြေမှာမွေး၊ ဒီနိုင်ငံသားတွေအနေနဲ့ ပိုလို့တောင် မစိုက်သင့်ပေဘူးလား။ ဒီလိုသစ်ပင်တွေစိုက်ဖို့ကို နောက်ကျနေပါပြီလို့ ဆင်ခြေပေးလိုသေးလားလို့ နှိုင်းယှဉ်မေးခွန်းလေးတွေနဲ့ အနာဂတ်နိုင်ငံတော်နဲ့ မျိုးဆက်သစ်များအတွက် လုပ်ဆောင်ပေးရမှာတွေကို သတိရကြစေလိုတာပါပဲ။

ကျွန်းပင်နဲ့ပတ်သက်ပြီး ပိုင်ဆိုင်မှုကိုပြောလိုပါသေးတယ်။ အရင်ကတော့ ကျွန်းပင်တစ်ပင်ဟာ ဘယ်နေရာမှာပဲပေါက်ပေါက်၊ ဘယ်သူပဲစိုက်စိုက် နိုင်ငံတော်ကပိုင်ပါတယ်။ ပြည်သူပိုင်ပစ္စည်းလို့ သတ်မှတ်ထားပါတယ်။ အခုတော့ ကျွန်းကိုပုဂ္ဂလိကပိုင်အဖြစ် စိုက်ပျိုးထုတ်လုပ်ခွင့်ပြုထားပါတယ်။ တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်နိုင်ပြီး တည်ထောင်ခွင့်ပြုထားတဲ့ စိုက်ခင်းတွေကိုလည်း ပုဂ္ဂလိကကျွန်းစိုက်ခင်း ဒါမှမဟုတ် စီးပွားရေးကျွန်းစိုက်ခင်းလို့လည်း အမည်ပေးထားပါတယ်။

ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်လိုတယ်ဆိုရင် တစ်ဦးချင်းဖြစ်စေ၊ ကုမ္ပဏီအမည်နဲ့ဖြစ်စေ၊ ကျေးရွာအစုအဖွဲ့လိုက်ဖြစ်စေ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို တည်ထောင်ခွင့်တင်ရပါတယ်။ အဲဒီရုံးကနေ အစိုးရအဖွဲ့ကို ဆက်တင်ပေးပါတယ်။ အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရပြီဆိုရင် စိုက်လို့ရပါပြီ။ စိုက်ပြီးပြီဆိုရင် သစ်တောဦးစီးဌာနရုံးချုပ်က နှစ် ၃၀ လုပ်ကိုင်ခွင့် စာချုပ်ချုပ်ပေးပါတယ်။

ထုတ်လုပ်ပုံကတော့ စိုက်ပျိုးပြီး ၁၀နှစ် မျောအဆင့်မှာ တစ်ကြိမ်၊ နှစ် ၂၀ တိုင်အဆင့်မှာ တစ်ကြိမ်နဲ့ နှစ်၃၀ သစ်အဆင့်မှာတစ်ကြိမ် စုစုပေါင်း သုံးကြိမ်ထုတ်လုပ်ရပါတယ်။ ထုတ်လုပ်ချိန်တိုင်းမှာ သစ်တောဦးစီးဌာနကို သတ်မှတ်အခွန်ပေးဆောင်ပြီး ပြည်တွင်း၊ ပြည်ပ နှစ်သက်ရာမှာ ရောင်းချပိုင်ခွင့်ပြုထားပါတယ်။

ဒီနေရာမှာ ကျွန်းစိုက်ခင်းတစ်ဧကရဲ့ အကျိုးအမြတ်ကို သစ်တောဦးစီးဌာနက တွက်ပေးထားတာလေးကိုလည်း ပြောလိုပါသေးတယ်။ စာချုပ်သက်တမ်းနှစ် ၃၀ အတွင်း မျော၊ တိုင်နဲ့သစ်ရောင်းချလို့ရရှိမယ့် တစ်ဧက အကျိုးအမြတ်က ကျပ် ၆၉၉ သိန်းလို့ တွက်ချက်ပေးထားပါတယ်။ တွက်ချက်မှုကိန်းဂဏန်းက စိုက်ခင်းရဲ့ ရေမြေသဘာဝနဲ့ ထိန်းသိမ်းစောင့်ရှောက်မှုအပေါ် မူတည်မှာဖြစ်သလို၊ စိုက်ပျိုးထုတ်လုပ်လိုသူတွေအတွက် ဆွဲဆောင်မှုရှိအောင် ပိုနေတာလည်း ရှိနိုင်ပါတယ်။ ဒါပေမယ့်လည်း တစ်ဧကဝင်ဆံ့တဲ့ အပင် ၅၄၀ ကို မျောဈေးနှုန်းနဲ့ တွက်ကြည့်ရင်ကို တွက်ခြေကိုက်တယ်လို့ဆိုရမှာပါ။

ဒ့ါအပြင်ပုဂ္ဂလိကပိုင်အဖြစ် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နဲ့ သစ်မာအပင် ၂၀ ကိုလည်း စိုက်ခွင့်ပြုထားပါသေးတယ်။ အတည်တကျ နေထိုင်သူတွေအနေနဲ့ ကိုယ့်အိမ်၊ ကိုယ့်ယာတွေမှာ အမှန်တကယ် စိုက်ပျိုးထားခြင်းဖြင့် တစ်ချိန်မှာ ထူးခြားတဲ့အကျိုးကျေးဇူးကို ရရှိခံစားကြရမှာပါ။

အခုတင်ပြခဲ့တာတွေကတော့ ကျွန်းနဲ့ပတ်သက်တဲ့ အကြောင်းအရာ အချက်အလက်အချို့ကို ဗဟုသုတရစေဖို့ မျှဝေလိုက်ခြင်းဖြစ်ပါတယ်။

ဒီလိုတန်ဖိုးရှိတဲ့ ကျွန်းပင်လေးတွေကို ကိုယ်တိုင်ပျိုးပုံပျိုးနည်းလေးဆက်ပြောသွားပါမယ်။ ကိုယ်တိုင်ပျိုးဖြစ်ခဲ့တဲ့ အကြောင်းလေးလည်း ထည့်ပြောလိုပါသေးတယ်။ စိုက်ခင်းမှာ အသင့်စိုက်လို့ရတဲ့ ပျိုးပင်အရွယ် တစ်ပေ/တစ်ပေခွဲ တစ်ပင်ကို ကျပ် ၂၀၀ ဈေးရှိပါတယ်။ တစ်ဧက ၉ ပေ×၉ပေ ပန္နက်နဲ့စိုက်ရင် အပင် ၅၄၀ စိုက်ရပါတယ်။ ဝယ်စိုက်ရင် ပျိုးဖိုးနဲ့တင် တစ်ဧကတစ်သိန်းလောက်ကျနေပါပြီ။ စိုက်ဧကများလေ ပျိုးဖိုးထိလေပါပဲ။ ဒီလိုတွက်ချက်ကြည့်ရင်း သက်သာရာရှာခဲ့ရာက ရရှိခဲ့တဲ့ အတွေ့အကြုံလေးကို မျှဝေသွားမှာပါ။

ပထမဆုံး မျိုးစေ့စုဆောင်းရပါမယ်။ ဒီနေရာမှာ နှစ်ချို့မျိုးစေ့၊ မှိုတက်၊ မသန့်ရှင်းတဲ့မျိုးစေ့တွေ မဖြစ်ဖို့လိုပါတယ်။ အဝါရောင်သန့်သန့် နှစ်ချင်းသီးမျိုးစေ့တွေဖြစ်ဖို့လိုပါတယ်။ မျိုးကောင်းမျိုးသန့်ဆိုရင် တစ်တင်းကို အပင် ၁၅၀၀၀ ခန့်ပေါက်ပါတယ်။ ဒီနှုန်းနဲ့ ဆိုရင် မျိုးစေ့ဘယ်လောက် စုဆောင်းရမယ်ဆိုတာ တွက်လို့ရပါပြီ။

နောက်တစ်ချက်ကတော့ ပျိုးအိတ်တွေကိုအသင့်မြေဖြည့်ထားဖို့ပါ။ ပျိုးအိတ်အရွယ်ကတော့ ၇ လက်မ × ၃ လက်မ×၁ လက်မ အရွယ် ပလတ်စတစ်ပျိုးအိတ်ကိုသုံးရင် ရပါတယ်။ ဘယ်လိုမြေသုံးရမှာလဲလို့ မေးစရာရှိပါတယ်။ မြေမရွေးပါဘူး။ စိုက်ခင်းကိုသယ်ဆောင်ရာမှာ မြေလုံးမပျက်ဖွဲ့စည်းမှု ရှိနေတဲ့ဘယ်မြေမျိုးမဆို သုံးလို့ရပါတယ်။ ဒီနေရာမှာ အရေးကြီးတာက ပျိုးပင်အညှောက်မပေါက်ခင် ပျိုးအိတ်မြေထည့်ပြီး ဖြစ်နေဖို့လိုပါတယ်။ ဒ့ါအပြင် သေပင်ဖာထေးစိုက်ပျိုးနိုင်ဖို့လိုတဲ့ပျိုးရဲ့ တစ်ဆယ်ရာခိုင်နှုန်းပိုပြင်ပေးထားသင့်ပါတယ်။ မြေသွတ်ပြီး ပျိုးအိတ်တွေကို ရေတွက်ရလွယ်ကူအောင် စနစ်တကျစီထားပေးရပါမယ်။

ပျိုးအိတ်စီတဲ့အခါမှာ လျှောက်လမ်း နှစ်ပေခြားပေးပါ။ အဲဒီလမ်းကနေ ရေလောင်း၊ ပေါင်းသင်အလုပ်တွေ လုပ်ရမှာပါ။ ပြီးရင်တော့ ပျိုးစင်ဆောက်၊ ဆန်ခါစတင်ထားပေးပါ။ ဒါတွေအားလုံး အသင့်ဖြစ်ပြီဆိုရင်တော့ ပျိုးပေါင်မှာ ပျိုးထောင်ရပါမယ်။ ပေ ၃၀ ×၄ပေ× ၆လက်မအရွယ် ပျိုးပေါင်ကိုသဲနဲ့ပြုလုပ်ပါ။ အခုပြောတဲ့ အရွယ်တစ်ဘောင်ကို မျိုးစေ့နှစ်တင်းပျိုးလို့ရပါတယ်။

မျိုးစေ့တွေကို ပျိုးဘောင်မတင်ခင် ဆာလာအိတ်ထဲထည့်ပြီး သုံးရက် ရေစိမ်၊ နှစ်ရက်နေလှန်း၊ သုံးရက်ရေထပ်စိမ်ပြီးမှ ပျိုးပေါင်တင်ပေးပါ။ ရေစိမ်တဲ့အချိန် မျိုးစေ့အိတ် ပေါလောပေါ်မနေအောင် အလေးတစ်ခုခုနဲ့ဖိထားပေးရပါမယ်။ မျိုးစေ့တွေကို ပျိုးပေါင်ပေါ်မှာ ညီအောင်ဖြန့်ပြီး သဲထဲမြုပ်ရုံရိုက်သိပ်ပေးပါ။ အပေါ်ကအစေ့မြုပ်ရုံ သဲပါးပါးဖြူးပြီး တစ်နေ့တစ်ကြိမ် ရေလောင်းပေးရပါမယ်။ ပျိုးပေါင်တင်ပြီး ၂၁ ရက်ကြာရင် ပျိုးပင်လေးတွေပေါက်လာပါတယ်။ သတိပြုရမှာက ပျိုးပေါင်နေရာကို နေရောင်ခြည်ကောင်းစွာရတဲ့ နေရာမှာလုပ်ရပါမယ်။

အပင်ပေါက်လာပြီး အစေ့ရွက်တစ်စုံ အစိမ်းရင့်ရောင်ပြောင်းတဲ့အချိန်မှာ ပျိုးအိတ်ထဲကို အပြီးပြောင်းနိုင်ရပါမယ်။ ဒီထက်ပိုကြီးလာပြီး အရွက်ကြမ်းထွက်လာချိန်မှပြောင်းရင် အပင်အထနှေးသွားတာ တွေ့ရလို့ပါ။ ပြောတဲ့အတိုင်း အချိန်မီ ပျိုးအိတ်ထဲကိုပြောင်းနိုင်ရင် အကြီးမြန်ပါတယ်။ ပျိုးအိတ်ထဲပြောင်းမယ့် အပင်လေးတွေဟာ အရွယ်အားဖြင့် လက်မဝက်လောက်ပဲရှိပါတယ်။ အဲဒီအပင်လေးတွေကို ပျိုးပေါင်မှာ ထိုးကော်ပြီး ရေထည့်ထားတဲ့ဇလုံထဲထည့်လိုက်ပါ။

ပျိုးပင်မှာကပ်နေတဲ့ သဲတွေကိုရေဆေးချပေးသလို ပျိုးအိတ်ထဲမထည့်ခင် ရေအဝတိုက်ပေးလိုက်တဲ့သဘောလည်းဖြစ်ပါတယ်။ ပျိုးအိတ်ထဲထည့်စိုက်ရာမှာတော့ ထမင်းစား ဝါးတူလေးကို လက်သုံးကိရိယာအဖြစ်သုံးရင် အဆင်ပြေပါတယ်။ ပျိုးအိတ်မြေသားလေးကို ဝါးတူလေးနဲ့ ကျင်းလေးဖောက်၊ ပျိုးပင်လေးကိုစိုက်၊ ပင်ခြေလေးမြေကြပ်ပေးပြီး ရေဖျန်းပေးရင်ရပါပြီ။

ပျိုးပင်အငယ်လေးတွေကို ရေဖျန်းရာမှာ ဆေးဖျန်းပုံးနဲ့ဖျန်းပေးတာအကောင်းဆုံးပါ။ အပင်လေးတွေယိုင်သွားတာတို့ အမြစ်ကျွတ်သွားတာတို့ မဖြစ်အောင်လို့ပါ။ တစ်လက်မအရွယ်လောက်ဆိုရင်တော့ ရေဖျန်းပုံးသုံးလို့ရပါပြီ။ ဒီထက်ကြီးလာရင်တော့ ရေပိုက်နဲ့ မှွားပြီးဖျန်းနိုင်ပါတယ်။ ရေလောင်းရာမှာ သတိထားရမှာက ရေများရင် အမြစ်ပုပ်တတ်ပါတယ်။

ပျိုးပင်အရွယ် လေးလက်မကစပြီး အားဆေးဖျန်းပေးရပါတယ်။ သူ့အတွက်အားဆေးကလည်း ထူးပြီးလိုတာတော့ မဟုတ်ပါဘူး။ ရေတစ်ဂါလန်မှာ ယူရီးယားဟင်းခပ်ဇွန်း တစ်ဇွန်းနှုန်းဖျော်ပြီး နှစ်ပတ်တစ်ကြိမ်ဖျန်းပေးရင်ရပါပြီ။

အိတ်ထဲကကျွန်းပင်လေးတွေ ပျိုးသက်သုံးလသားဆိုရင် အမြင့်တစ်ပေကျော်နေပါပြီ။ စိုက်ခင်းထဲကိုရွှေ့ပြောင်းစိုက်ဖို့ အရွယ်ကောင်းလေးဖြစ်နေပါပြီ။ အဲဒီအချိန်မှာ သူတို့ကို သဘာဝတရားကြီးနဲ့ လိုက်လျောညီထွေရှိစေဖို့ အမိုးဆန်ခါဖယ်ပြီး နေရောင်နဲ့တိုက်ရိုက်ထိတွေ့ခွင့်ပေးရပါမယ်။ ရေပုံမှန်လောင်းနေရာက ရေဖြတ်ပြီး ရေငတ်ခံနိုင်အောင်လေ့ကျင့်ပေးရပါမယ်။ အခုလို ဆောင်ရွက်ပေးပြီးပြီဆိုရင်တော့ မိုးလေဝသကို အကဲခတ်ပြီး စိုက်ခင်းထဲကိုရွှေ့စိုက်လို့ရပါပြီ။

အခုတင်ပြချက်များဟာ နားလည်တတ်ကျွမ်းသူများထံမှာ တပည့်ခံပြီး လက်တွေ့လုပ်ဆောင်ချက်တွေက ရရှိခဲ့တဲ့အတွေ့အကြုံတွေကို လက်ဆင့်ကမ်းခြင်းသာဖြစ်ပါတယ်။ ကျွန်းကို ဘယ်လိုပျိုးရမလဲ၊ ကိုယ်တိုင်ပျိုးလို့ရသလားလို့ ကျွန်းပျိုးနည်း ရှာပုံတော်ဖွင့်နေကြသူတွေအတွက် ဝမ်းမြောက်ဖွယ် လက်ဆောင်တစ်ခုဖြစ်လိမ့်မယ်လို့လည်း ယုံကြည်နေမိပါတယ်။ အခုလို လက်ဆောင်တစ်ခုကို လက်ဆင့်ကမ်းနိုင်အောင် ပညာပေးခဲ့ကြတဲ့ ဆရာသမားများကိုလည်း ကျေးဇူးအထူးတင်လျက်။ ။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တွန်းဇံမြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသူတစ်ဦးအား အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

❐ **ဖွံ့ဖြိုးမှုမှ**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်တို့နှင့်အတူ နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ကလေးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ တွန်းဇံမြို့သို့ ရောက်ရှိကြပြီး တွန်းဇံမြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တွန်းဇံမြို့နယ်လူထုနှင့် မြို့နယ်အားကစားခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံရာ နိုင်ငံတော်သမ္မတက မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်မှစပြီး နိုင်ငံတစ်ဝန်း လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်နေပါကြောင်း၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်နိုင်ရန် အလေးထားဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှုနည်းသည့် အရပ်ဒေသများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ယခုအချိန်ကာလတွင် စီးပွားရေးစနစ်များမှာလည်း ပြောင်းလဲနေပါကြောင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုနည်းသည့် ဒေသများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်တစား လာရောက်ရင်နှီးမြှုပ်နှံမှုရှိစေရန် ဆောင်ရွက်နေပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းသည့် ဒေသများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အထူးအလေးပေးစဉ်းစားပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းသည့်ဒေသများတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ကာလသတ်မှတ်ချက်ဖြင့် အခွန်ကင်းလွတ်သက်သာခွင့်ပေးရန်လည်း စဉ်းစားဆောင်ရွက်နေပါကြောင်း၊ ဒေသတွင်း လျှပ်စစ်စွမ်းအား ပြည့်ဝစွာရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် လိုအပ်သည့်အတွက် အဆိုပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအပေါ်မူတည်၍ တတ်နိုင်သမျှ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် တွန်းဇံမြို့ မြို့မိမြို့ဖများကိုယ်စား မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးနိမ်ခင်းပေါင်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်နေသည့် တီးတိန်မြို့အား ခရိုင်အဆင့်မြှင့်တင်ရေး၊ လမ်း/တံတားများ အဆင့်မြှင့်တင်ရေး၊ တွန်းဇံမြို့၌ စက်မှုအထက်တန်းကျောင်းဖွင့်လှစ်ပေးရေး ကိစ္စရပ်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဒေါက်တာမျိုးသိမ်းကြီးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တီးတိန်မြို့သို့ ရောက်ရှိကြပြီး တီးတိန်မြို့ ပြည်သူ့ဆေးရုံအတွင်း **စာမျက်နှာ ၉ သို့ »»**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တွန်းဇံမြို့နယ်၌ လူထုနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)




နိုင်ငံတော်သမ္မတ ဦးထင်ကျော် တီးတိန်မြို့နယ်၌ လူထုနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

»» စာမျက်နှာ ၈ မှ
လှည့်လည် ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တီးတိန်မြို့နယ်လူထုနှင့် ကမ်းဟောက် အားကစားခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုတ်က တီးတိန်မြို့အား ခရိုင်အဆင့်မြှင့်တင်ပေးရေး၊ မဟာဓာတ်အားလိုင်းမှ ဓာတ်အားရရှိရေး၊ တီးတိန်-သိုင်းငင်းလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရေး၊ တီးတိန်မြို့ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံအား ခုတင်(၁၅၀)ဆံ့အဖြစ် အဆင့်မြှင့်တင်ပြီး လိုအပ်သော အထူးကုဆရာဝန်များ ခန့်ထားပေးရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများနှင့် ပတ်သက်သည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရိဒ်ခေါဒါရ်မြို့သို့ ရောက်ရှိကြပြီး ရိဒ်ရေကန်အား လေ့လာကာ ချင်းပြည်နယ်အတွင်း သဘာဝအလှတရားကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ရိဒ်ရေကန်သည် မြန်မာနိုင်ငံ၏ အထင်ကရ နေရာတစ်ခုဖြစ်ပြီး ချင်းပြည်နယ်၏ အနောက်မြောက်ဘက်အစွန် အိန္ဒိယ-မြန်မာ နယ်စပ်တွင် တည်ရှိသည်။ ရိဒ်ရေကန်၏ ထူးခြားချက်မှာ အသည်းပုံသဏ္ဌာန်ရှိပြီး တစ်နှစ်ပတ်လုံးနီးပါး ရေကြည်လင်လျက်ရှိသည်။ အအေးဓာတ်လွန်ကဲသည့် ဒီဇင်ဘာလနှောင်းပိုင်းတွင်သာ နှစ်စဉ်နှစ်တိုင်း ရေနောက်လေ့ရှိပြီး တစ်နှစ်ပတ်လုံး ရေအနိမ့်အမြင့် ကွာခြားမှုမှာ သုံးပေခန့်သာရှိသည်။ ရိဒ်ရေကန်၏ လက်ရှိအကျယ်အဝန်းမှာ ပတ်လည်အနား ၂ ဒသမ ၅ မိုင်နှင့် ရေအနက် ပျမ်းမျှ ပေ ၅၀ ရှိပြီး အနက်ဆုံးနေရာတွင် ပေ ၆၀ ခန့်ရှိကြောင်း သိရသည်။

ယင်းနောက် မြန်မာနိုင်ငံ ရိဒ်ခေါဒါရ်မြို့နှင့် အိန္ဒိယနိုင်ငံ ဇိုခေါထာရ်ကျေးရွာအား ဆက်သွယ်ထားသော မြန်မာ-အိန္ဒိယ နယ်စပ်တံတားအား လေ့လာကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဖလမ်းမြို့သို့ ရောက်ရှိပြီး ဖလမ်းပြည်သူ့ဆေးရုံကြီးအား ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသော လူနာများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာ၌ ကျင်းပသည့် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် မီးပုံပွဲသို့ တက်ရောက်ဆင်နွှဲကြသည်။

**(သတင်းစဉ်)**

❑



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တီးတိန်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသူတစ်ဦးအား အားပေးစကား ပြောကြားစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရိဒ်ခေါဒါရ်မြို့ရှိ ရိဒ်ရေကန်အား ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)




**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ မြန်မာ-အိန္ဒိယ နယ်စပ်တံတားအား ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)



**ဖလမ်းမြို့၌ (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် မီးပုံပွဲတွင် တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေကြစဉ်။** (သတင်းစဉ်)

# ခရစ်ယာန်လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးရေးဌာနမှ လေ့လာရေးအဖွဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ မြန်မာနိုင်ငံခရစ်ယာန်အသင်းချုပ်၊ ခရစ်ယာန်လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးရေးဌာနမှ အဖွဲ့ဝင် ၁၆ ဦးသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက လေ့လာရေး လာရောက်ခဲ့ကြရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ကြိုဆိုခဲ့ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်းကြောင်း၊ သုတေသနပြုဆောင်ရွက်နေသော သီးနှံများနှင့် စိုက်နည်းစနစ်များ၊ နိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးရေးသုတေသနခြံများ၊ နိုင်ငံတကာနှင့်ဆက်သွယ်၍ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုအကြောင်းများပါဝင်သည့် မှတ်တမ်းဗီဒီယိုကို ပြသခဲ့သည်။

ထို့နောက် လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အဓိကအားဖြင့် လေ့လာရေး အဖွဲ့ဝင်များသည် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ကိုင်ဆောင်ရွက်သည့်လူတန်းစားများ များစွာပါဝင်သည့်အတွက် ဗဟုသုတရရှိရန် သုတေသန၏အရေးကြီးသော အခန်းကဏ္ဍများဖြစ်သည့် ပျိုးစေ့များကို စနစ်တကျထိန်းသိမ်းထားပုံ၊ သင့်လျော်သောစိုက်ပျိုးနည်းစနစ်များ ရှာဖွေဖော်ထုတ်နေမှုများကို လေ့လာစေပြီး မိမိဌာနေသို့ ပြန်ရောက်သည့်အခါ ကိုယ်တိုင်လက်တွေ့အသုံးချနိုင်သည့်အပြင် အခြားသူများကိုလည်း မိမိရရှိလာသည့် ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့မှ အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ပြီး မျိုးစေ့ဘဏ်ပြခန်းအတွင်း ပြသထားသည့် စပါး၊ ပြောင်းနှင့်နှံစားသီးနှံ၊ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံအစရှိသော သီးနှံအလိုက် သုတေသနပြကွက်များကိုလည်းကောင်း၊ သီးနှံစိုက်စနစ် မြေဆီလွှာ၊ ရေအသုံးချရေး၊ ပိုးမွှား၊ ရောဂါ၊ ဇီဝနည်းပညာအစရှိသော သုတေသနဌာနအလိုက် နည်းပညာများစမ်းသပ်ထားရှိခြင်း သုတေသနပြကွက်များကိုလည်းကောင်း စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုကြသည်။ ယင်းနောက် သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး မျိုးစေ့ဘဏ်၌ မျိုးစေ့များအား နှစ်တို၊ နှစ်ရှည် အအေးခန်းများတွင် ထိန်းသိမ်းသိုလှောင်ထားရှိမှုကို ကြည့်ရှုလေ့လာခဲ့ကြသည်။




ထို့နောက် ရေအသုံးချရေးဌာနစုကွင်းသို့ သွားရောက်လေ့လာကြရာ လမိုင်းစနစ်အသုံးပြုကာ စမ်းသပ်စိုက်ပျိုးထားသည့် စပါးလမိုင်းစမ်းသပ်ကွက်အား တာဝန်ခံတစ်ဦးက ရှင်းလင်းပြောကြားခဲ့ပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဌာနစုကွင်းအတွင်းရှိ မြေလွှာမဲ့အာဟာရရည်ဖြင့် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက် သုတေသနစမ်းသပ်ကွက်များကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

❑




## ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်

**သနပ်ပင် ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရအဖွဲ့ သက်တမ်းကာလပြည့် တာဝန်ထမ်းဆောင်ခဲ့သည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ချီးမြှင့်ငွေပေးအပ်ခြင်းကို ယင်းဌာနအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပရာ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတစ်ဦးလျှင် ချီးမြှင့်ငွေကျပ် ၂၄၅၀၀၀ စီနှင့် ဂုဏ်ပြုချီးမြှင့်လွှာများကို အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဖေဖော်ဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

*(ယမန်နေ့မှ အဆက်)*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၂ | ဝိလျံသီဟမင်း | သဘာဝအလွန်ဖြစ်ရပ်များကစားစရာ ပုံထဲကဝိညာဉ် | ၂၀၀၀ | -အရှေ့အနောက်ပါရမီစာပေ |
| ၄၃ | အရှင်ဥတ္တရသာရ | ပုဂံရှေးဟောင်းနယ်မြေရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများ | ၃၅၀၀/ | -ဆုပြည့်စုံထွန်းစာပေ |
| ၄၄ | ကလောင်စုံ | နာရေးကူညီမှုအသင်း(ရန်ကုန်) (၁၆)နှစ်ပြည့်နှစ်ပတ်လည်မဂ္ဂဇင်း | ၅၀၀၀/ | -အိပ်မက်အသစ်စာပေ |
| ၄၅ | U MaungMaung OhnMyaing | ၂၀၁၆ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကိုဘာသာပြန်ဆိုခြင်း (မြန်မာနှင့်အင်္ဂလိပ်) | ၅၀၀၀/ | -ရဲအောင်စာပေ |
| ၄၆ | ကလောင်စုံ | အမေကဗျာ ၁၀၀ | ၂၅၀၀/ | -ရေနည်းငါးလေးများစာပေ |
| ၄၇ | အေးမြတ်မြတ်ဖြိုး(ကံမ) | မူလတန်းသို့အလွမ်းပြေ | ၂၀၀၀/ | -ရွှေမော်ကွန်းစာပေ |
| ၄၈ | ထွန်းမျိုးငွေး | ဇာရီမှတ်စုများ | ၅၀၀၀/ | -ဝန်ချတောင်စာပေ |
| ၄၉ | ကလောင်စုံ | ဆရာမကြီးကမ္ဘာလှည့်တင်တင်စိန်အကြောင်း တစေ့တစောင်း ဆောင်းပါးများစုစည်းမှု | ၂၅၀၀/ | -သဇင်စာပေ |
| ၅၀ | မြေလတ်ထင်ကျော်မိုး | မြေခံကောင်းသည့် တို့မြန်မာပြည်နှင့် ကဗျာစုစည်းမှု | ၈၀၀/ | -ခရီးဖော်စာပေ |
| ၅၁ | မသီတာ(စမ်းချောင်း) | နယ်စည်းမထား မိန်းမသား | ၂၅၀၀/ | -မေယဝတီစာပေ |
| ၅၂ | လကျော်ဝင်း | သခင်သန်းမြိုင်သင့်ခဲ့သောကျိန်စာနှင့် ကဗျာစုစည်းမှု ၃ | ၂၀၀၀/ | -မိုးလုံးမှိုင်းစာပေ |
| ၅၃ | ကလောင်စုံ | သမိုင်းခေတ်နှင့်လူပုဂ္ဂိုလ် | ၁၅၀၀/ | -မိုးလုံးမှိုင်းစာပေ |
| ၅၄ | ဦးမြင့်ခိုင်(စိတ်ပညာ) | ကျွန်တော်တင်ခဲ့သော Face Book စုစည်းမှုများ ၃ | ၂၀၀၀/ | -မြင်းခြံစာပေ |
| ၅၅ | မေတ္တာရှင်(ရွှေပြည်သာ) | မိခင်တစ်ယောက်၏ ဖွင့်ဟဝန်ခံချက် | ၂၅၀၀/ | -နဂါးပျံစာပေ |
| ၅၆ | ချစ်ဦးညို | ရုက္ခစိုးမယားနှင့်အခြားပြိတ္တာများ | ၃၀၀၀/ | -လင်္ကာဒီပစာပေ |
| ၅၇ | ကလောင်စုံ | တောခြောက်သံကဗျာ | ၁၅၀၀/ | -Pica media Publishing |
| ၅၈ | မိုးကျော်ဇင် | ရန်ကုန်မြစ်၏တစ်နေရာမဂ္ဂဇင်းဝတ္ထုတိုများ | ၂၅၀၀/ | -ရိုးမအရှေ့စာပေ |
| ၅၉ | PK(ကျောင်းစောင့်ကြီး) | ပန်းကောက်ကြောင်း | ၁၅၀၀/ | -Pica media Publishing |
| ၆၀ | ရန်လင်း(ပြည်) | ချစ်ခြင်းမေတ္တာနှင့်လက္ခဏာပညာ | ၅၀၀၀/ | -အိုအေစစ်မီဒီယာ |
| ၆၁ | ကလောင်စုံ | တပ်မတော်၏ဖခင် (သမိုင်းကပြောသောဗမာ့တပ်မတော်နှင့် ဗိုလ်ချုပ်အောင်ဆန်း အမှတ်ရချက်ဆောင်းပါးများ) | ၃၀၀၀/ | -ဆန်းစသော်တာစာပေ |
| ၆၂ | ဒေါက်တာအရှင်ဣန္ဒာစရိယ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ | ၃၀၀၀/ | -ကောင်းကျော် |
| ၆၃ | မောင်ရွှေနွယ်(အင်းလေး) | အင်းသားစကားအင်းသားဓလေ့ | ၁၅၀၀/ | -အင်းသားလူမှုရေးအသင်း |
| ၆၄ | ကလောင်စုံ | မှတ်ပုံတင်ပြုလုပ်ခြင်းနှင့် ၁၉၈၂ နိုင်ငံသားဥပဒေ | ၂၀၀၀/ | -ရွှေစာပေ |
| ၆၅ | ဒေါက်တာအောင်ခင် (ဘာသာပြန်) | အောင်းဆန်းစုကြည်ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေးနှင့် အခြားစာတမ်းများ | ၄၀၀၀/ | -အောင်ပင်လယ်စာပေ |
| ၆၆ | မြင့်သန်း | လက်တင်အမေရိကဝတ္ထုတိုများ | ၂၀၀၀/ | -နှစ်ကာလများစာပေ |
| ၆၇ | မောင်ထင် | ကျွန်မဒီမိုကရေစီ | ၂၀၀၀/ | -ဇေယျာမိုးစာပေ |
| ၆၈ | ဒေါက်တာမေမွန် | စာကြည့်တိုက်ကကြွက်ကလေး | ၁၅၀၀/ | -Favorite Book စာပေ |
| ၆၉ | တြိစက္က | ရုပ်ပြောင်းနာမ်ခွါမိစ္ဆာ | ၁၉၀၀/ | -အောင်မြင်စာပေ |
| ၇၀ | ယူအေအမ် | သင်အမွေရထားသောသင့်ကမ္ဘာကြီး အကြောင်း | ၅၀၀၀/ | -စွယ်တော်စာပေ |
| ၇၁ | MaungMaung Aye | လူသုံးအများဆုံးအင်္ဂလိပ်ဝေါဟာရ ၅၀၀ | ၁၅၀၀/ | -မိတ်ကောင်းဖော်မွန်စာပေ |
| ၇၂ | မလေးငြိမ်း | ရေလိုအေးမြစေသား | ၅၀၀၀/ | -နှလုံးလှစာပေ |
| ၇၃ | AungMyint (M.E;AUSTRALIA) | Microsoft Office 2016,Excel 2016 | ၄၀၀၀/ | -အောင်မြင်စာပေ |
| ၇၄ | မင်းသိခ် | ပြောထုံးဖြစ်အောင်နက်ခေါင် | ၈၀၀၀/ | -မရမ်းတလင်းစာပေ |
| ၇၅ | | သာလွန်နိုင်ငံရေးဝေါဟာရများ | ၂၂၀၀/ | -ကြည်သာစာပေ |
| ၇၆ | ကလောင်စုံ | ကမ်းလက်များ ဆုရဝတ္ထုတိုပေါင်းချုပ်များ အမှတ်(၆) | ၂၅၀၀/ | -ကမ်းလက်စာပေ |
| ၇၇ | Ko HTOO | SUDOKU PUZZLE 6 IN 1 | ၁၅၀၀/ | -ရန်အောင်စာပေ |
| ၇၈ | မေတ္တာရုံသီ အရှင်စန္ဒောဘာသ | ထိုင်ပုံထိုင်နည်းအရေးကြီး | ၂၅၀/ | -ရန်အောင်စာပေ |
| ၇၉ | Dr.SawMraAung | THATON CHRONICLE | ၃၀၀၀/ | -မိုးကျော်သူစာပေ |
| ၈၀ | အောင်မေယ | အိုးရှိုး၏ဓမ္မတော်လှန်ရေး (ဆူဖီပုံပြင်ထဲကဘဝဒဿနများ) | ၁၅၀၀/ | -ယဉ်မျိုးစာပေ |
| ၈၁ | ဇာနည် | အလုပ်အကိုင်အင်္ဂလိပ်စာ | ၃၀၀၀/ | -အခွင့်အလမ်းစာပေ |
| ၈၂ | ခက်ရိပ်ညို | ကျွန်မသူ့ကိုချစ်တယ်ဆိုတာ | ၁၅၀၀/ | -The Book House စာပေ |
| ၈၃ | မောင်သန်းဆွေ (ထားဝယ်) | ထီးရနံ့နန်းရနံ့ | ၂၅၀၀/ | -ရတနာပုံစာပေ |
| ၈၄ | ကာတွန်းဝိဇ္ဇာ | ဇမ္ဗူရာဇ်နေမင်း၏အန္တိမအလင်းမျက်နှာ | ၂၅၀၀/ | -အောင်မြင်စာပေ |
| ၈၅ | Dr.တင့်အောင် | ၂၀ရာစုရူပဗေဒသူရဲကောင်းများ | ၁၅၀၀/ | -မုံရွေးစာပေ |
| ၈၆ | ကြပ်ကလေး | ကိုပွေလီတို့ရဲ့ ကျားကျားလျားလျားလောက | ၂၃၀၀/ | -စိတ်ကူးချိုချိုစာပေ |
| ၈၇ | ကြပ်ကလေး | မရှုပ်တေးတို့ရဲ့သုံးတောင်ဝတ်နယ်မြေ | ၂၃၀၀/ | -စိတ်ကူးချိုချိုစာပေ |
| ၈၈ | သော်တာဆွေ | ဂေါ်ဇီကာ | ၂၅၀၀/ | -စိတ်ကူးချိုချိုစာပေ |
| ၈၉ | မင်းကျော်ဝင်း | ထာဝရကျန်းမာသူ | ၃၀၀၀/ | -သိမ့်ထိုက်စာပေ |
| ၉၀ | ကလောင်စုံ | သိမှတ်စရာပိုးသတ်ဆေးနှင့် မြေဩဇာဆောင်းပါးများ | ၃၅၀၀/ | -the farmer |

# အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



ပြည်ထောင်စုဖွား တိုင်းရင်းသားညီနောင်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ (နှုတ်ဆားအိုဝ်လူဝ်း)

ကျွန်တော်ကတော့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် ဖြစ်ပါတယ်။

ကျွန်တော်တို့အာခါတိုင်းရင်းသားများသည် ရှမ်းပြည်နယ် သံလွင်အရှေ့ခြမ်းဒေသတွင်သာ ပျံ့နှံ့နေထိုင်လျက်ရှိပြီး မိမိတို့၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့၊ ဝတ်စားဆင်ယင်မှုများအပြင် ရိုးရာဘာသာတရား အမွေအနှစ်များကိုလည်း ယနေ့ထိတိုင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ထူးခြားသည့် လူမျိုးစုတစ်ခု ဖြစ်ပါတယ်။

ရှမ်းပြည်နယ် အရှေ့ခြမ်းတွင် ရှမ်း၊ အာခါ၊ လားဟူနှင့် "ဝ" လူမျိုးများသည် ညီရင်းအစ်ကိုပမာ အတူတကွ ချစ်ကြည်ရင်းနှီးစွာ စုစည်းနေထိုင်ကြသော လူမျိုးစုများ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူများခင်ဗျား**

နိုင်ငံရေးပါတီအဖွဲ့အစည်းများက ပြည်သူလူထုနှင့် အနီးကပ်ဆုံး ထဲထဲဝင်ဝင်၊ ဝင်ရောက်ပြီး ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ကို သိရှိနိုင်သလို ဒီမိုကရေစီ နိုင်ငံရေးယဉ်ကျေးမှုကို မြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။

ထိုနည်းတူ မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်နိုင်ရန်နှင့် အမျိုးသားရင်ကြားစေ့ရေးကို ဆောင်ရွက်ရာတွင် လည်းကောင်း၊ အမျိုးသားရေးတန်းတူရေးနှင့် ပြည်သူလူထု၏ အခွင့်အရေးများကို အာမခံချက်အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင်လည်းကောင်း ကျွန်တော်တို့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ မိမိအခြေချရာဒေသအတွင်းရှိ ပြည်သူလူထုနှင့် အနီးကပ်ဝင်ရောက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

**မဲဆန္ဒရှင် ပြည်သူများခင်ဗျား**

ကျွန်တော်တို့ အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တွင် ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံမည့် (ဒန်း)ပုံ အမှတ်လက္ခဏာပါတီဖြစ်ပြီး အဓိပ္ပာယ်မှာ စည်းလုံးခြင်းသည်အင်အား ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် တစ်ဦးချင်းစီ၌ရှိသော အရည်အချင်းများကို စုပေါင်း၍ ဒေသအကျိုးကို မြှင့်တင်သွားရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ၏ တန်းတူညီမျှအခွင့်အရေးကို ရရှိအောင် ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူများခင်ဗျား**

ဒေသအတွင်းရှိ တိုင်းရင်းသားများ၏ အခြေခံလိုအပ်ချက်များကို သိရှိနားလည်ပြီး ဆောင်ရွက်ပေးမှုအပိုင်းမှာ သက်ဆိုင်ရာဒေသခံကိုယ်စားလှယ်များမှ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဒေသအကျိုးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ပြီး တိုင်းရင်းသားများ၏ တန်းတူညီမျှရေးနှင့် လူမျိုးစုငယ်များ၏ အခွင့်အရေးကိုလည်း တိုင်းရင်းသားအချင်းချင်းက ဖော်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသား ၁၃၅ မျိုးအနက် တိုင်းရင်းသားလူမျိုးစုငယ်များ၏ အခြေခံကျသော လိုအပ်ချက်များ ဖော်ဆောင်နိုင်ရန်၊ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍတွင် ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသန္တရအဆင့် ပါဝင်နိုင်ရေးကို အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ရည်မှန်းပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားလူမျိုးစုများအားလုံး ယုံကြည်မှုတည်ဆောက်နိုင်မှသာလျှင် အောင်မြင်နိုင်မှာဖြစ်ပြီး လူမျိုးစု တစ်စုချင်းစီအလိုက် မတူကွဲပြားသော နိုင်ငံရေးမူဝါဒကို သိရှိနားလည် အလေးထားနိုင်မှသာလျှင် ယင်းလူမျိုးစု၏ ဂုဏ်ကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်မှာ ထည်ဝါစွာ ရပ်တည်နိုင်ရန်အတွက် ခေတ်မီတိုးတက်သော တပ်မတော်တစ်ရပ်တည်းသာ တည်ရှိရမည်ဖြစ်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် တိုင်းရင်းသားများ ငြိမ်းချမ်းရေးရယူပြီး ၎င်းငြိမ်းချမ်းရေး အစဉ်ထာဝရ တည်တံ့ခိုင်မြဲနိုင်ရန်အတွက် လည်းကောင်း၊ ပြင်ပရန်ကို ကာကွယ်နိုင်ရန် လည်းကောင်း၊ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရန် လည်းကောင်း၊ **DDR, SSR** လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မှသာ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါတယ်။

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများနှင့်အတူ ချစ်ကြည်ရင်းနှီးစွာ လက်တွဲပြီး စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးကို ဦးတည်၍ ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်များကို အခြေခံစစ်တမ်းကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲ၍ လုပ်ငန်းစဉ် စနစ်တကျ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူများနဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား**

၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းဟာ ဒေသအကျိုး အမှန်တကယ် သယ်ပိုးနိုင်မယ့် ဒေသခံပြည်သူထဲက ပြည်သူတစ်ဦးဖြစ်သလို အမျိုးဂုဏ်၊ ဒေသဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲဖော်ဆောင်သွားမှာ ဖြစ်တဲ့အတွက် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အမှတ်သင်္ကေတဖြစ်သော (ဒန်း)ပုံအား ပါဝင်ထောက်ခံမဲပေးနိုင်ပါရန် မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**(ညီညွတ်ခြင်းဖြင့် တည်ဆောက်ကြ)**

**-မျိုးနွယ်စုကြား မခွဲခြား လက်တွဲမဖြုတ် ချိတ်ဆက်စို့**

**-ရှေ့သို့ လျှောက်လှမ်း မျှော်ရည်မှန်း**

**-မိဘ ဘိုးဘေးမှာစကား ရင်ဝယ်မကျ နားထောင်ကြ**

**-ဦးဆောင်ကြီးကဲ ယုံကြည်လျက် ညီညွတ်လိုက်ကြ ဒို့နွယ်များ**

**-တိုင်းရင်းချစ်ခင် လက်တွဲညီ ယုံကြည်စိတ်ထား ပီတိများ**

**-ဒေသဖွံ့ဖြိုး ဒို့မျှော်ကိုး စွမ်းအားကိုယ်စီ ကြိုးစားမည်။**

# ညောင်ဦးခရိုင် မြစ်ရေတင် ငါးခုမှ နှမ်းစပါးဧက ၅၀၀နှင့် အခြားသီးနှံဧက ၂၇၇၀ အတွက် စိုက်ပျိုးရေစတင်ပေးဝေ

**ညောင်ဦး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်)မှ ညောင်ဦးခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင် ငါးခုမှ ၂၀၁၆-၂၀၁၇ နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးဧက ၅၀၀ နှင့် အခြားသီးနှံ ဧက ၂၇၇၀ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေများ စတင်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။



ညောင်ဦးခရိုင်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်ကြမည့် နွေစပါးနှင့်အခြားသီးနှံများ လျာထားချက်ပြည့်မီပြီး အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် မြောင်းပိုင်းဆိုင်ရာ၊ စက်ပိုင်းဆိုင်ရာများကို ဇန်နဝါရီလအတွင်း ကြိုတင်ပြင်ဆင်စီမံ ဆောင်ရွက်ထားရှိပြီး ဌာနဆိုင်ရာများပါဝင်သည့် ခရိုင်နှင့်မြို့နယ်အဆင့် (စိုက်/ညှိ) အဖွဲ့ဝင်များကလည်း ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့များ၊ တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းပေါင်းစပ်ပြီး စိုက်ဧကများလျာထားခြင်း၊ စိုက်ပျိုးရေ အလေအလွင့်မရှိအောင်သုံးစွဲရန်၊ သဘာဝမြေသြဇာ ပိုမိုအသုံးပြုစိုက်ပျိုးရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရန်၊ အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရန် အသိပညာပေးမှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

စိုက်ပျိုးသည့်သီးနှံပုံစံ၊ မြစ်ရေတင်အလိုက် စိုက်ပျိုးရေပေးဝေမှုအဖြစ် ငါ့သရောက်မြစ်ရေတင်ရေသောက်ဧရိယာ၌ နွေစပါးဧက ၂၀၀၊ အခြားသီးနှံဧက ၆၇၀ အတွက် ဇန်နဝါရီ ၇ ရက်မှစ၍ စိုက်ပျိုးရေပေးဝေခဲ့ကြောင်း၊ လက်ပံခြေပေါ်မြစ်ရေတင်ရေသောက်ဧရိယာ၌ နွေစပါးဧက ၂၀၀၊ အခြားသီးနှံဧက ၄၉၀ အတွက် ဇန်နဝါရီ ၁၀ ရက်မှစ၍ စိုက်ပျိုးရေပေးဝေခဲ့ကြောင်း၊ သူကောင်းတည်မြစ်ရေတင်ရေသောက် ဧရိယာမှာ နွေစပါးဧက ၁၀၀ နှင့် အခြားသီးနှံ ဧက ၄၉၀ အတွက် ဇန်နဝါရီ ၁၀ ရက်မှစ၍ ရေပေးဝေခဲ့ကြောင်း။

ကျောက်ကူမြစ်ရေတင် ရေသောက်ဧရိယာ၌ အခြားသီးနှံ ဧက ၄၂၀၊ လောကနန္ဒာမြစ်ရေတင် ရေသောက်ဧရိယာ၌ အခြားသီးနှံ ဧက ၇၀၀ အတွက် စိုက်ပျိုးရေကို ဇန်နဝါရီ ၁၅ ရက်မှစပြီး စိုက်ပျိုးရေများအသီးသီး ပေးဝေထားကြောင်း ညောင်ဦးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်ထံမှ သိရသည်။

ယခုအခါ ညောင်ဦးခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင် ငါးခုမှ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေများပေးဝေနေသဖြင့် ဒေသခံတောင်သူများလည်း ပျိုးထောင်၊ မြေပြင် လုပ်ငန်းခွင်ဝင်နေကြပြီဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ယာဉ်နှင့်သက်ဆိုင်သည့် လိုင်စင်များ စစ်ဆေးပညာပေး

**ကျောက်မဲ ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မန္တလေး-လားရှိုး-မူဆယ်ကားလမ်း(ပြည်ထောင်စုလမ်းမကြီး)မှ အတက်ကုန်တင်ယာဉ်များအား ကျောက်မဲခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီးခင်မောင်ညွှန့်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူးချစ်စိန်နှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်(ကညန)ခရိုင်ပို့/ဆက်ဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီက ကျောက်မဲအမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးရှေ့၌ ယာဉ်နှင့်သက်ဆိုင်သည့်လိုင်စင်များစစ်ဆေးပညာပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

အဆိုပါမြေပြင်ကွင်းဆင်း၍ ပညာပေးခြင်းလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည့်စုံမှုမရှိသောမော်တော်ယာဉ်များအား ဧပြီလ ၁ ရက်မှစတင်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး၏ အန္တိမစျာပန သာဓုကီဠနပူဇာမှ ပိုလျှံသောအမွေးနံ့သာတုံးများဖြင့် ဆရာတော်ကြီး၏ ပုံတူရုပ်ပွားတော် ထုဆစ်ပူဇော်မည်



**မန္တလေး ဖေဖော်ဝါရီ ၁၉**
ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး၏ အန္တိမစျာပန သာဓုကီဠနပူဇာကို ဖေဖော်ဝါရီ ၁၈ ရက်ညပိုင်းက ဆင်ယင်ကျင်းပခဲ့ရာ အများပြည်သူ လှူဒါန်းထားသည့် ပိုလျှံသောအမွေးနံ့သာတုံးများကို အမှုန့်ပြုလုပ်ကာ ဆရာတော်ကြီး၏ပုံတူရုပ်တုတော်အား ထုဆစ်ပူဇော်မည်ဖြစ်ကြောင်း သတ္တဋ္ဌာနအလှူရှင်ဒေါက်တာ သုမဗ္ဗာဦးကျော်ဝင်းက ပြောသည်။

"သနပ်ခါး အမွေးနံ့သာတုံးတွေကို အမှုန့်ကြိတ်မယ်။ ရွှေကျင်ဆရာတော်ကြီးက သတ္တဋ္ဌာနရဲ့ ဩဝါဒါစရိယဆရာတော်ဖြစ်ခဲ့တယ်။ ဆရာတော်ကြီးက သာသနာအတွက် ဘက်ပေါင်းစုံမှ တာဝန်ထမ်းခဲ့တော့ သာသနာ့ဂုဏ်ကျေးဇူးတွေရည်မှန်းပြီး အခုလိုလှူဒါန်းခြင်း ဖြစ်ပါတယ်"ဟု အဆိုပါပုံတူကို ထုဆစ်ပူဇော်လှူဒါန်းမည့် အလှူရှင် ဦးကျော်ဝင်းက ပြောသည်။

ပိုလျှံသော သနပ်ခါးတုံးအိတ်ပေါင်း ၂၆ အိတ်နှင့် သုံးပေအရှည် သနပ်ခါး ၇၅ ချောင်း၊ အရှည် ခုနစ်ပေနှင့် ရှစ်ပေရှိ ကျပ်လုံးအရွယ်သနပ်ခါးတုံး ၆၅၀ ပိုင်း၊ ရေမွှေးနံ့သာအိတ်တစ်အိတ်၊ ကရမက်အိတ်တစ်အိတ်တို့ကို အမှုန့်ပြုလုပ်သွားမည် ဖြစ်သည်။

ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဦးဇဋိလကလည်း "ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်မှာ ထည့်သွင်းပူဇော်ကြတဲ့ အလှူရှင်တွေရဲ့ နံ့သာတုံးတွေက ကားကြီးတစ်စီးစာလောက်ရှိတယ်။ အလှူရှင်တွေ ကုသိုလ်ပိုမိုရရှိအောင် ပိုလျှံတဲ့နံ့သာတုံးတွေကို အမှုန့်ကြိတ်ပြီး ဆရာတော်ကြီးရဲ့ ပုံတူရုပ်တုမှာ မံပြီးထုလုပ်ဖို့ သတ္တဋ္ဌာနအလှူရှင် ဒေါက်တာသုမဗ္ဗာ ဦးကျော်ဝင်းမိသားစုက ကုသိုလ်ပြုလှူဒါန်းတာပါ"ဟု မိန့်ကြားသည်။

အဆိုပါ သနပ်ခါးနှင့် နံ့သာတုံးများကို သုမဗ္ဗာ ရွှေကျောင်းတွင် သိမ်းဆည်းထားရှိမည်ဖြစ်ပြီး ပုဂံမှ ပညာရှင်များနှင့် ရုပ်ပွားတော်ကိုထုဆစ်သွားမည် ဖြစ်ကြောင်း၊ ရွှေကျင်ဆရာတော်ကြီး၏ ပုံတူရုပ်တုကို ဆရာတော်ကြီး သက်တော်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဇာတိရွာတွင် တည်ထားကိုးကွယ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး လင်းယဉ်ရွာရှိ ထူပါစေတီတွင်ထားရှိရန် ဆရာတော်ကြီးများအား လျှောက်ထားတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

# စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ မီးလောင်ဒဏ်ရာ ခြေပူးလက်ပူး၊ အဆီကျိတ်ရောဂါများ အခမဲ့ခွဲစိတ်ကုသ

**စစ်တွေ ဖေဖော်ဝါရီ ၁၉**
ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်ထိ ပြည်တွင်းပြည်ပ သာသနာပြု အလိုတော်ပြည့်ဆရာတော်ကြီး၏ ဩဝါဒအရ မြန်မာနိုင်ငံ စားဖိုမှူးအသင်းနှင့် ရခိုင်အမျိုးသား လူမှုကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်)တို့မှ ကမကထပြုလျက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ဂျာမနီနိုင်ငံမှ အထူးကုဆရာဝန်ကြီးများ၏ ဆဋ္ဌမအကြိမ်မြောက် အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ၊ မီးလောင်ဒဏ်ရာ၊ ခြေပူးလက်ပူး၊ အဆီကျိတ်ရောဂါများကို စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ ကျန်းမာရေးဝန်ထမ်းများက အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိသည်။



အဆိုပါ ရောဂါဝေဒနာရှင်များကို ယမန်နေ့ ညနေ ၄ နာရီက စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက် ဓမ္မာရုံ၌ စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ကုသရန် လိုအပ်သည့်လူနာများကို ရခိုင်ပြည်နယ် စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကို ပို့ဆောင်၍ ခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်း တာဝန်ရှိဆရာဝန်တစ်ဦးက ပြောသည်။

အဆိုပါ ရောဂါစမ်းသပ် စစ်ဆေးကုသပေးရာသို့ ရခိုင်ပြည်နယ် မြို့နယ်အသီးသီးမှ ရောဂါဝေဒနာရှင် ရဟန်းရှင်လူပြည်သူများ လာရောက်ပြသခဲ့ရာ အာခေါင်ကွဲ ၃၂ ဦး၊ နှုတ်ခမ်းကွဲ ၂၃ ဦး၊ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲ ၃၁ ဦး၊ အဆီကျိတ် ၂၇ ဦး၊ မီးလောင် ဒဏ်ရာ ၂၆ ဦး၊ ခြေပူးလက်ပူး ၁၇ ဦး စုစုပေါင်း ၁၅၆ ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ကျေးလက်ရေပေးရေးလုပ်ငန်းဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ထီးချိုင့် ဖေဖော်ဝါရီ ၁၉**
၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၇ သန်းဖြင့် "ရွှေကြယ် ငွေကြယ်"ကုမ္ပဏီမှ ထီးချိုင့်မြို့နယ် တောမကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အချိန်မီပြီးစီးနိုင်ရေးအတွက် ထီးချိုင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗိုလ်မင်းနှင့်အဖွဲ့သည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ကျေးရွာအတွင်း ရေဝေပိုက်လိုင်းစနစ်ဖြင့် ဖြန့်ဝေသွားမည်ဖြစ်ပြီး ကျေးရွာပြည်သူများ သန့်ရှင်းသောသောက်သုံးရေများကိုသုံးစွဲနိုင်ရန် ရည်ရွယ်ပါကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားသည်။

**(မြို့နယ်ပြန်/ဆက်)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**
ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလတံတားအနီး အိုးရှင်းဘေး၌ တက္ကစီအငှားယာဉ်မောင်းများအား ဖေဖော်ဝါရီ ၁၇ ရက် နံနက်တွင် အမှတ်(၃၂) ပုဇွန်တောင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ညီညီလှိုင်နှင့်အဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ကွင်းဆင်း၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း(အင်းစိန်)**





ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ရဲစခန်းရှိ စစ်ရေးပြကွင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦးက ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့် ရဲတပ်ဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် လုံခြုံရေးဆောင်ရွက်မှုများအား အသေးစိတ် ရှင်းလင်းပြောကြားစဉ်။

ခင်မောင်ဝင်း(ကြေးမုံ)

# နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

**လှိုင်သာယာ ဖေဖော်ဝါရီ ၁၉**
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးမှ အဖွဲ့ဝင်များက နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်မှုကို မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်သန္တာထွန်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်သန်း၊ အမှတ်(၁၆)ရပ်ကွက် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်အေးအေးမိုးတို့က မြို့နယ်/ရပ်ကွက်နေ ကျောင်းသားကျောင်းသူ လူငယ်များ စာပေဗဟုသုတကြွယ်ဝစေရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးအတွက် အဓိကရည်ရွယ်၍ သုတ၊ ရသစာပေ၊ စာအုပ်များကို အမှတ်(၁၆)ရပ်ကွက်ရှိ အလင်းရောင် စာကြည့်တိုက်အတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**




# နိုက်စ်အသင်း အနိုင်ရရှိခဲ့သော်လည်း ဘာလော့တယ်လီ တိုက်ရိုက်အနီပြင့် ထုတ်ပယ်ခံခဲ့ရ

ပြင်သစ်ပထမတန်းကလပ် နိုက်စ်အသင်းသည် ပွဲစဉ်(၂၆)အဖြစ် လိုရီးယန့်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် နိုက်စ်အသင်းက အနိုင်ရရှိခဲ့သော်လည်း တိုက်စစ်မှူး ဘာလော့တယ်လီမှာမူ ပွဲကစားချိန် ၆၈ မိနစ်တွင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

တိုက်စစ်မှူး ဘာလော့တယ်လီသည် လီဗာပူးအသင်းမှ နိုက်စ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း နိုက်စ်အသင်းနှင့်အတူ သွင်းဂိုး ၁၁ ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်းက ကစားခဲ့သည့် လိုရီးယန့်အသင်းနှင့် ပွဲစဉ်တွင်လည်း နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည့်အပြင် ဒီဇင်ဘာလအတွင်းကလည်း ဘော်ဒိုးအသင်းနှင့် ဂိုးမရှိသရေကျခဲ့သည့် ပွဲစဉ်တွင် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။

ထို့ကြောင့် တိုက်စစ်မှူး ဘာလော့တယ်လီအတွက် ယခုတစ်ကြိမ်အနီကတ်သည် နိုက်စ်အသင်းနှင့်အတူ တတိယမြောက်ပြသခံခဲ့ရသည့် အနီကတ်ပြစ်ဒဏ်ဖြစ်သည်။ နိုက်အသင်းသည် ယခုနှစ်ပွဲကြောင့် အမှတ်ပေးဇယား၏ အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသည့် မိုနာကိုအသင်းနှင့် သုံးမှတ်အကွာအနေအထားသို့ ရောက်ရှိသွားခဲ့သည်။ တိုက်စစ်မှူး ဘာလော့တယ်လီသည် ပွဲကြီးကြပ်သူများနှင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကွင်းလယ်ဒိုင်က တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဧည့်သည်အဖြစ်သွားရောက်ကစားခဲ့ရသည့် နိုက်စ်အသင်းသည် ပွဲကစားချိန် ၁၅ မိနစ်မှာပင် ဝိုင်လန်ဆိုက်ပရီယန်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ယင်းသွင်းဂိုးဖြင့်ပင် လိုရီးယန့်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**



# ဝုလ်ဗာဟမ်တန်အား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ချယ်လ်ဆီးအသင်း အက်ဖ်အေဖလားကွာတားဖိုင်နယ်တက်

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲစဉ်အဖြစ် ဝုလ်ဗာဟမ်တန်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အက်ဖ်အေဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ် အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ချန်ပီယံရှစ်ပြိုင်ပွဲ၌ တန်းဆင်းဇုန်အထက် ငါးမှတ်အကွာတွင် ရပ်တည်လျက်ရှိသည့် ဝုလ်ဗာဟမ်တန်အသင်းသည် ပထမပိုင်းတစ်ပိုင်းလုံး အကောင်းဆုံးပုံစံဖြင့် ပြိုင်ဘက်ချယ်လ်ဆီးအသင်းကို တုန့်ပြန်ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်း ၆၅ မိနစ်အရောက်တွင် ပက်ဒရို၏ သွင်းဂိုးကို စတင်ခွင့်ပြုပေးလိုက်ရသည်။ ပက်ဒရိုသည် ယင်းသွင်းဂိုးကြောင့် နောက်ဆုံးကစားခဲ့သည့် ပွဲစဉ် ၁၀ ပွဲတွင် ခုနစ်ဂိုးအထိသွင်းယူနိုင်ခဲ့သည့်မှတ်တမ်းလည်းရေးထိုးနိုင်ခဲ့သည်။

ထို့နောက် ၈၉ မိနစ်တွင် ချယ်လ်ဆီးအသင်း၏ အားထားရသည့် တိုက်စစ်မှူး ဒီယေဂိုကော်စတာ၏ သွင်းဂိုးထပ်မံရရှိခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းက ဝုလ်ဗာဟမ်တန်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဒီယေဂိုကော်စတာသည် ယင်းသွင်းဂိုးကြောင့် ၄၁၃ မိနစ်ကြာ ဂိုးပေါက်ပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ဘန်လေအသင်းနှင့် ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အဆိုပါပွဲစဉ်တွင် အသုံးပြုခဲ့သည့် ကစားသမားများအနက် ခုနစ်ဦး အထိ အပြောင်းအလဲလုပ်ကာ ဝုလ်ဗာဟမ်တန်အကို အနိုင်ရရှိရေး အတွက် နည်းပြကွန်တီက ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ဝုလ်ဗာဟမ်တန်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့်အပြင် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ၂၄ ပွဲမြောက် အနိုင်ရရှိခဲ့သည့်ပွဲစဉ်လည်းဖြစ်လာခဲ့ပြီး ဝုလ်ဗာဟမ်တန်အသင်းအတွက်မူ ပြိုင်ပွဲအရပ်ရပ်တွင် လေးပွဲဆက်တိုက်ရှုံးနိမ့်သည့်အသင်းလည်းဖြစ်လာခဲ့သည်။ **(ငွေကြယ်)**

# နည်းပြဘဝကို လေးနှစ်ကြာဖြတ်သန်းရန်နှင့် အာဆင်နယ်တွင် နည်းပြဘဝကုန်ဆုံးရန် ဝင်းဂါးဆန္ဒရှိနေ

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် အာဆင်နယ်အသင်းတွင် ဆက်ရှိမည်ဆိုသည်နှင့်ပတ်သက်၍ မသေချာသေးသော်လည်း နည်းပြဘဝကို နောက်ထပ်လေးနှစ်ကြာဖြတ်သန်းရန် ဆန္ဒရှိနေကြောင်း ပြောကြားလိုက်သည်။



အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းမှ ထွက်ခွာခဲ့လျှင်တောင်မှ နည်းပြဘဝကို ဆက်လက်တာဝန်ယူကိုင်တွယ်ရန် ဆန္ဒရှိနေကြောင်း အာဆင်နယ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည့် ချန်ပီယံလိဂ်ဖလားပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

နည်းပြအာစင်ဝင်းဂါးဆိုခဲ့သည့် စကားအရ အာဆင်နယ်အသင်းနှင့် လမ်းခွဲခဲ့ရပါက ပီအက်စ်ဂျီအသင်းတွင် နည်းပြအဖြစ်တာဝန်ထမ်းဆောင်လိမ့်မည်ဖြစ်ကြောင်းနှင့် ပီအက်စ်ဂျီအသင်းကလည်း ဝင်းဂါးအား ကမ်းလှမ်းလိမ့်မည်ဖြစ်ကြောင်း belN အားကစားရုပ်သံလွှင့်သတင်းဌာနက သတင်းဖော်ပြသည်။

အသက်(၇၁)နှစ်အရွယ်ရှိ နည်းပြတာဝန်ကိုထမ်းဆောင်ခဲ့သည့် မန်ယူအသင်း၏ ဂုဏ်ထူးဆောင်နည်းပြကြီး ဖာဂူဆန်၏ ဥပမာကိုကိုးကား၍ အာဆင်နယ်အသင်းက ထွက်ခဲ့ရင်တောင် ပြိုင်ပွဲကနေ ထွက်ခွာလိမ့်မည်မဟုတ်ကြောင်းနှင့် ဖာဂူဆန်နှင့် မတူခြင်းမှာ လက်ရှိအချိန်တွင် နည်းပြဘဝမှ အနားယူရန်မရှိသေးခြင်းဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ပြောကြားလိုက်သည်။

ထို့ပြင် နည်းပြဘဝကို နောက်ထပ်လေးနှစ်ကြာထပ်မံဖြတ်သန်းရချိန်တွင်လည်း လက်ရှိကလပ် အာဆင်နယ်အသင်း၌သာ ကုန်ဆုံးစေလိုကြောင်းလည်း အရိပ်အမြွက်ပြောကြားခဲ့သည်။

သို့ရာတွင် ဒေါ့မွန်အသင်းနည်းပြ သောမက်တက်ချယ်လ်၊ နယူးကာဆယ်အသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်တို့သည်လည်း အာဆင်နယ်အသင်းနည်းပြဖြစ်လာရန် မျှော်လင့်လျက်ရှိပြီး ဂျူဗင်တပ်အသင်းနည်းပြ မက်အယ်လ်လီဂရီ၊ မိုနာကိုအသင်းနည်းပြ လီယိုနာဒိုဂျာဒင်တို့သည်လည်း အာဆင်နယ်အသင်းနည်းပြဖြစ်လာမည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

**(ငွေကြယ်)**

## ဘောလုံးလောကသတင်းတိုများ

**လီဗာပူးအသင်းသည် ဒေါ့မွန်အသင်းမှ တိုက်စစ်မှူး ဂေါ့ဇီအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။**

မက်ဆီသည် ဘာစီလိုနာနှင့် အနာဂတ်မသေချာဖြစ်နေခြင်းကြောင့် မန်စီးတီးက မက်ဆီအား ပေါင်သန်း ၁၀၀ ဖြင့် ခေါ်ရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

**မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းနှင့်အတူ နောက်ထပ်ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကမ်းလှမ်းမည်ဖြစ်ကြောင်းသိရသည်။**

ဘိုင်ယန်မြူးနစ်အသင်းက ဒမ်ဘီလီအား ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည့်အပြင် ချယ်လ်ဆီးအသင်းကလည်း အပြိုင်ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

**လီဗာပူးကွင်းလယ်ကစားသမား လယ်လာနာသည် ပေါင် ၃၁ ဒသမ ၂ သန်းတန်စာချုပ်သစ်တစ်ရပ်သဘောတူညီထားပြီဖြစ်သောကြောင့် တစ်ပတ်လုပ်ခလစာပေါင် ၁၅၀၀၀၀ ရရှိမည်ဖြစ်ကြောင်းသိရသည်။**

# ဇွဲကပင်တောင်ပေါ်မှ နိုင်ငံခြားသားမှာ ပြုတ်ကျခြင်းမဟုတ်ဘဲ ခုန်ချခြင်းဖြစ်


ကယ်ဆယ်ရေးအဖွဲ့က နိုင်ငံခြားသားရုပ်အလောင်းအား တောင်ခြေသို့သယ်ဆောင်ရန် ပြင်ဆင်ဆောင်ရွက်နေစဉ်။

**ဘားအံ ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဇွဲကပင်တောင်ပေါ်မှ ဖေဖော်ဝါရီ ၁၇ ရက် ည ၇ နာရီခန့်တွင် နိုင်ငံခြားသားတစ်ဦး ဇွဲကပင်တောင်၏ အမြင့်ဆုံးနေရာ ပေပေါင်း ၂၇၃၀ ကျော်မြင့်သည့် ဓမ္မစေတီနေရာအနီး အများသုံးအိမ်သာ ခေါင်မိုးပေါ်တက်၍ ခုန်ချသွားကြောင်းနှင့် ပြင်သစ်နိုင်ငံသားဟု ထင်မြင်ယူဆရကြောင်း မျက်မြင်တွေ့ရှိခဲ့သည့် နိုင်ငံခြားသားနှစ်ဦးထံမှ သိရသည်။

ခုန်ချခဲ့သည့် နိုင်ငံခြားသားအား ဘားအံမြို့နယ် ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်မှူး ဒုတိယရဲမှူးဝင်းနိုင်၊ ထုံးအိုင်နယ်မြေစခန်းမှူး ရဲအုပ်ညီညီမိုး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များက ရှာဖွေသော်လည်း မတွေ့ရှိရကြောင်း၊ ညနေပိုင်းအရောက်တွင် ဇွဲကပင်တောင်ဆရာတော်က မှန်ပြောင်းဖြင့်ကြည့်ရာမှ အလောင်းဟု ထင်မြင် ယူဆရသော ပုံသဏ္ဌာန်ကို တွေ့ရှိခဲ့၍ ကယ်ဆယ်ရေးအဖွဲ့များက တောင်အောက်သို့ ဆင်း၍ သယ်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကူညီဆောင်ရွက်ပေးနေသည့်အဖွဲ့ဝင်များ၏အဆိုအရ အလောင်းမှာ တောင်အောက်ပေ ၁၇၀ အကွာခန့်က သစ်ပင်တစ်ပင်ပေါ် မှောက်လျက်အနေအထားဖြင့် ချိတ်တင်နေခြင်းဖြစ်ကြောင်းတွေ့ရပြီး ရှာဖွေတွေ့ရှိချိန်တွင် ဦးခေါင်းပွင့်ထွက်ဒဏ်ရာဖြင့် သေဆုံးနေပြီဖြစ်ကြောင်း သိရသည်။ ရှာဖွေရေးအဖွဲ့ဝင်များသည် ညနေ ၅ နာရီခွဲခန့်တွင် အလောင်းကို ကြိုးများသိုင်း၍ ခက်ခက်ခဲခဲ တောင်ထိပ်ပေါ်ရောက်အောင် ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီကျော်ခန့်တွင် တောင်ထိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ရုပ်အလောင်းကို တောင်ခြေသို့ သယ်ဆောင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်အပြီး ည ၁၀ နာရီခွဲခန့်မှစ၍ တောင်အောက်ကို ခက်ခက်ခဲခဲ သယ်ဆောင်ခဲ့ရသည့်အတွက် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၀၀း၅၀ ခန့်တွင် ဇွဲကပင်တောင်ခြေ(တော်ပုံဘက်ခြမ်း) ရှိ လုမ္ဗိနီဉယျာဉ်ကိုရောက်ရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရဲဆေးစာဖြင့် အလောင်းကို မာဃလူမှုကူညီရေးအသင်းက လူနာတင်ယာဉ်ဖြင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အဆိုပါနိုင်ငံခြားသား၏ အမည်နှင့်အချက်အလက်များ သိရှိနိုင်ရေး ထုံးအိုင်ရဲစခန်းမှူးနှင့်အဖွဲ့က ဆက်လက်စုံစမ်းရာ အဆိုပါနိုင်ငံခြားသားမှာ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၅ နာရီခန့်တွင် မှန်လုံယာဉ်ဖြင့် ရန်ကုန်ဘက်မှလိုက်ပါလာပြီး သံလွင်တံတားအနီး သံလွင်တံတားသုံးမြောင့်လမ်းဆုံတွင် ဆင်းခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ဆိုင်ကယ်ကယ်ရီငှား၍ ဇွဲကပင်တောင်သို့ ဆက်လက်ထွက်ခွာသွားခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်ဆို၏။

ဇွဲကပင်တောင်တွင် ဆံတော်ရှင် တည်ထားကိုးကွယ်ရာ နေရာဖြစ်သလို အများသိကြသည့် ကရင်မောင်နှမ နတ်ကွန်းရှိသည်။ တောင်ပေါ်တွင် အရက်သေစာသောက်စားခြင်းကိုမနှစ်သက်ကြောင်း ဒေသခံများထံမှ သိရသည်။

တောင်ပေါ်မှ ခုန်ချသည့် နိုင်ငံခြားသားမှာ အရက်မူးနေသည်ဟုယူဆရကြောင်း၊ ယခုဖြစ်သည့်နေရာတွင် ယခင်ကလည်း ဖြစ်ပွားခဲ့ဖူးကြောင်း ဒေသခံများထံမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအုပ်ညီညီမိုးက သေဆုံးသူအား သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ထုံးအိုင်နယ်မြေရဲစခန်းမှ သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်၍ တစ်ဦးသေဆုံး

**ယင်းမာပင် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကွင်းစပ်ကျေးရွာအရှေ့ဘက် မိုင်တိုင်အမှတ် (၈)မိုင်နှင့်(၉)မိုင်အကြားတွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီခွဲက မုံရွာဘက်မှ အလောင်းတော်ကဿပဘုရားသို့ ဘုရားဖူးခရီးသည် ခုနစ်ဦးတင်ဆောင်ကာ ယာဉ်မောင်း နိုင်မျိုးလင်း(၃၃)နှစ် ရုံးကြီးရပ်ကွက် မုံရွာမြို့နေသူ မောင်းနှင်လာသော MDY 9H/--- စူပါကာစတန် ခဲရောင်ယာဉ်တစ်စီးသည် ဝဲဘက်ရှေ့ဘီးပေါက်၍ လမ်းယာဘက်သို့ တိမ်းမှောက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံး၊ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါတိမ်းမှောက်သည့် ဘုရားဖူးယာဉ်ပေါ်တွင် အမျိုးသားလေးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ခုနစ်ဦး လိုက်ပါလာသည့်အနက်မှ မချိုမြသီ ကသာမြို့နေသူမှာ သေဆုံးခဲ့ကာ ၎င်းနှင့်အတူပါလာသည့် ဒေါ်တင်တင်လှ၊ ဦးမြင့်သိန်း၊ ဦးမြထူး၊ ဦးမျိုးမင်းလတ်တို့မှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့၍ မုံရွာပြည်သူ့ ဆေးရုံသို့ ပို့ဆောင်ထားရှိပြီး ကျန်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ ဒဏ်ရာမရရှိခဲ့ကြောင်း သိရသည်။

တိမ်းမှောက်သည့်ယာဉ်နှင့် ယာဉ်မဆင်မခြင် မောင်းနှင်သော ယာဉ်မောင်း နိုင်မျိုးလင်းအား ကပိုင်ရဲကင်းစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**


လှမိုးနှင့် မောင်သိန်းတို့ နှစ်ဦးအား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ် ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်က နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)တွင် သိန်းနီမြို့နယ် နမ့်စလပ်ကျေးရွာဘက်မှ နောင်ချိုမြို့ဘက်သို့ လှမိုး မောင်းနှင်ပြီး မောင်သိန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းတို့ နှစ်ဦးကြားရှိ ဆောင်းဘောက်အတွင်း သို့ဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀၀နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားလမ်း၊ နားဖကျေးရွာအဝင်တွင် လီဂွင်းလျံ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် ဘိန်းဖြူ ၁၁၀ ဂရမ်တို့ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၉)မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ လွယ်ဆောင်ကျေးရွာအုပ်စု (၁၀)မိုင်ကျေးရွာနေ စိုးနိုင်ဦး၏ နေအိမ်ကို ရှာဖွေရာ ၎င်းအိမ်တွင် ရောက်ရှိနေသူ အားဒိုထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၂၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**


ဖေဖော်ဝါရီ ၁၈ ရက် ည ၁၂ နာရီခန့်က ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် အမှတ်(၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး ပန်းခြံမှတ်တိုင်အနီးတွင် 1H/---Nissan AD-Van ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ဖုန်းတိုင်အား ဝင်တိုက်မိပြီး မြောင်းအတွင်းသို့ ထိုးကျသွားသည်ကို တွေ့ရစဉ်။
**ခင်မောင်ဝင်း(ကြေးမုံ)**



# ပင်လည်ဘူးမြို့နယ်တွင် တရားမဝင် တမလန်းသစ်များ သိမ်းဆည်းရမိ

**အင်းတော် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး-ဖောင်းပြင်သွားကားလမ်းမပေါ် ရွာရှည်ရွာအနီးတွင် ဖေဖော်ဝါရီ ၁၈ ရက်က တိုယိုတာခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ တရားမဝင်သယ်ဆောင်လာသော တမလန်းသစ်များ သိမ်းဆည်းရမိခဲ့ကြောင်း ကသာခရိုင်သစ်တောဦးစီးဌာနမှ သိရသည်။

ဖေဖော်ဝါရီ ၁၈ ရက် နံနက်၇ နာရီ ၄၅ မိနစ်က ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ စိုးကိုမောင်းနှင်လာသော တိုယိုတာခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ တမလန်းသစ် ၁၁ တုံး(၂ ဒသမ ၁၂၆၂ တန်)အား ဖမ်းဆီးရမိခဲ့သည်။ **(ဓါတ်ပုံ)**

ထို့ကြောင့် တရားမဝင် တမလန်းသစ်များ သယ်ဆောင်လာသော စိုးကိုအား ပင်လည်ဘူးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

ASIA KING 0943114301, 09420051117
+မန်းရွှေစက်တော်၊ စတ္တိန်းဇာ၊ နဂါးမွတ် ဘုရားစုံ (၁)ညအိပ် 35000
+မန်းရွှေစက်တော်၊ အလောင်းတော်ကဿပ(၄)ရက် 75000/130000
+မန်းရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ(၅)ရက် 75000/100000
+အလောင်းတော်ကဿပ (သီးသန့်)(၃)ရက် 35000/75000
+မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း (၅)ရက် 75000/130000
+တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်ဝမ်း 75000 ၎င်ကော်ပါ 100000
+ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် (၃)ရက် 75000
+မော်တင်စွန်း (၂)ရက် 40000/ Feb 17,24 Mar 3,10ထွက်မည်။
+ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မြေဂျစ် 90000/130000
Hotel/ Guest House Air-Con Bus Breakfast, Lunch, Dinner Discount
Group Tour/ Package Tour

# ယခုနှစ်ဘာလင်ရုပ်ရှင်ပွဲတော်မှာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ကမ်မင်ဟီး



တောင်ကိုရီးယားသရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်တဲ့ ကမ်မင်ဟီးဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပခဲ့တဲ့ ၂၀၁၇ခုနှစ် ဘာလင်ရုပ်ရှင်ပွဲတော်မှာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိခဲ့ပြီး ထူးချွန်ဆုအမှတ်တရ ချီးမြှင့်ခဲ့တဲ့ ငွေရောင်ဝက်ဝံရုပ်တုကို ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ကျင်းပခဲ့တဲ့ (၆၇)ကြိမ်မြောက် ဘာလင်အပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်မှာ ကမ်မင်ဟီးဟာ ဒါရိုက်တာ ဟွန်ဆန်ဆိုး ရိုက်ကူးခဲ့တဲ့ သူ့ရဲ့ရုပ်ရှင် “On The Beach At Night Alone”နဲ့ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါထူးချွန်ဆုကိုလက်ခံရယူခဲ့ပြီးနောက်အမှတ်တရ စကားပြောကြားခဲ့စဉ်မှာ မင်းသမီးက အဆိုပါဆုအတွက် ဒါရိုက်တာ ဟွန်ဆန်ဆိုးကို ကျေးဇူးတင်ရှိကြောင်း ထပ်ကာထပ်ကာထည့်သွင်းပြောကြားသွားခဲ့ပြီး ဟွန်ဆန်ဆိုးကို ချစ်ပါတယ်လို့လည်း စင်မြင့်ပေါ်ကနေ ပြောကြားခဲ့ပါတယ်။ လတ်တလောမှာ မင်းသမီးကမ်မင်ဟီးနဲ့ ဒါရိုက်တာဟွန်ဆန်ဆိုးတို့ဟာ ချစ်သူတွေအဖြစ် တွဲနေကြကြောင်း ကောလာဟလတွေလည်း ပေါ်ထွက်နေခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး ကာယကံရှင်တွေဟာ လတ်တလောအချိန်အထိ တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေမယ့် ယခုလိုကမ်မင်ဟီးက ဟွန်ဆန်ဆိုးကို ချစ်ပါတယ်လို့ ပရိသတ်အများရှေ့ ပြောကြားလာခဲ့ခြင်းဟာ သူတို့နှစ်ဦးအကြားက ကောလာဟလတွေကို ဝန်ခံလိုက်တာလေလားရယ်လို့လည်း အဆိုပါမီဒီယာက ဝေဖန်ရေးသားထားပါတယ်။



# ကြယ်ပွင့်တစ်ဦးနဲ့ ချစ်သူဖြစ်ခဲ့ဖူးကြောင်း ဖွင့်ဟလာတဲ့ ဆိုးဟွန်

တောင်ကုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Girls' Gengration”မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆိုးဟွန်ဟာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာ သူ့ရဲ့အတိတ်မှာရှိခဲ့တဲ့ အချစ်ရေးနဲ့ပတ်သက်ပြီးဖွင့်ဟပြောကြားလာခဲ့ပါတယ်။ ဆိုးဟွန်က သူဟာတစ်ချိန်တုန်းက တောင်ကိုရီးယားရဲ့ကြယ်ပွင့်အနုပညာရှင်တစ်ဦးနဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ဖူးကြောင်းနဲ့ အဆိုပါချစ်သူနဲ့ လမ်းခွဲခဲ့ဖြစ်ကာ သူဟာလည်း အနုပညာလောကမှ အနားယူသွားခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

အဆိုပါရုပ်သံအစီအစဉ်မှာပါဝင်ကြတဲ့ အခြားသောအနုပညာရှင်တွေက ဆိုးဟွန်ဟာ လျစ်သူရှိခဲ့ဖူးမှာမဟုတ်ကြောင်းနဲ့ သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး သတင်းတွေမကြားခဲ့ရကြောင်း ပြောကြားခဲ့တဲ့အပေါ် ဆိုးဟွန်က သူ့မှာအတိတ်က ချစ်သူတစ်ဦးရှိခဲ့ဖူးကြောင်း ဖွင့်ဟပြောကြားခဲ့တာဖြစ်တယ်လို့ အောကေ ပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ ဆက်လက်ပြီး အဆိုပါ ချစ်သူဟောင်းအကြောင်း မေးမြန်းခဲ့ရာမှာတော့ အမည်ကိုထုတ်ဖေဘ်ပြောကြားခဲ့ခြင်းမရှိပေမယ့် သူတို့နှစ်ဦးလမ်းခွဲခဲ့စဉ်က သူ့အနေနဲ့ အလွန်ဝမ်းနည်းခဲ့ရပြီး ငိုကြွေးခဲ့ရကြောင်းလည်း ဆိုးဟွန်က ဖွင့်ဟခဲ့ပါတယ်။

လတ်တလောမှာ ချစ်သူဟောင်းဟာ အနုပညာအသိုင်းအဝိုင်းအတွင်း လှုပ်ရှားနေခြင်းရှိ၊ မရှိကို မေးမြန်းခဲ့ရာမှာတော့ ဆိုးဟွန်က သူဟာယခုအချိန် မှာတော့ အနုပညာလောကမှ အနားယူသွားခဲ့ပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တယ်လို့ သိရပါတယ်။

အေးပြည့်-စုစည်းသည်

# YouTube မှာ စံချိန်သစ်တင်လိုက်တဲ့ တေးယွန်ရဲ့ “I Got You”

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ “Girls' Genertaion”မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တေးယွန်ဟာ သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်သွားနိုင်ဖို့ စီစဉ်လျက်ရှိပြီး ယင်းတေးအယ်လ်ဘမ်အကြိုတေးသီချင်းတစ်ပုဒ်ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၈ ရက်မှာ စတင် ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါတေးသီချင်းဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄နာရီအတွင်း YouTube ပေါ်ကနေတစ်ဆင့် ကြည့်ရှုသူအများဆုံးရရှိခဲ့တဲ့ တေးသီချင်းတစ်ပုဒ်



ဖြစ်လာခဲ့ကာ ပရိသတ်အများဆုံးရရှိခဲ့တဲ့ တေးသီချင်းတစ်ပုဒ်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ ထုတ်လွှင့်ခဲ့တဲ့ တေးယွန်ရဲ့ တစ်ကိုယ်တော်တေးသီချင်း “I Got You” ဟာ တေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ YouTube ပေါ်မှတစ်ဆင့် ထုတ်လွှင့်ခဲ့တဲ့ အမျိုးသမီးတစ်ကိုယ်တော်တေးသံရှင်တွေအနက် စတင်ထုတ်လွှင့်ခဲ့ချိန်မှ ၂၄ နာရီအတွင်း အကြိမ်အများဆုံး ကူးယူနားဆင်ခြင်းခံခဲ့ရတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်လာခဲ့တာကြောင့် တေးဟွန်ဟာ ၂၄ နာရီအတွင်း ကြည့်ရှုသူအများဆုံးရရှိခဲ့တဲ့ တစ်ကိုယ်တော်တေးသံရှင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီလိုစံချိန်သစ်တင်ခဲ့ပေမယ့် တေးယွန်ဟာ ယခင်ကလည်း YouTube ရဲ့ ၂၄ နာရီအတွင်း ကြည့်ရှုသူအများဆုံး အမျိုးသမီးတစ်ကိုယ်တော်တေးသံရှင်အဖြစ် စံချိန်တင်ထားနိုင်ခဲ့သူဖြစ်ပါတယ်။ ယခုတစ်ကြိမ်မှာတော့ ကြည့်ရှုသူပိုမိုများပြားခဲ့တဲ့အတွက် ၂၄နာရီအတွင်းကြည့်ရှုသူအများဆုံးစံချိန်ကို အသစ်ထပ်မံတင်နိုင်ခဲ့တာဖြစ်ပါတယ်။ ယခင် ၂၀၁၅ခုနှစ် အောက်တိုဘာလအတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ တေးယွန်ရဲ့တစ်ကိုယ်တော်တေးသီချင်း “I”ဟာလည်း ယခုသီချင်းမတိုင်မီက YouTube ရဲ့ စံချိန်ကို ချိုးထားနိုင်ခဲ့တာဖြစ်ပါတယ်။ အဆိုပါတေးသီချင်း“I”အတွက် ၂၄နာရီအတွင်း ကြည့်ရှုသူ ၂ ဒသမ ၄၃ သန်းရရှိခဲ့တာဖြစ်ပြီး လတ်တလောထုတ်လွှင့်ခဲ့တဲ့တေးသီချင်း “I Got You” အတွက်ကြည့်ရှုသူ ၂ ဒသမ ၈၅ သန်းရရှိခဲ့ကာ ပိုမိုများပြားတဲ့ ပမာဏနဲ့ စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

YouTube ရဲ့ ၂၄နာရီအတွင်းကြည့်ရှုသူအများဆုံးစံချိန်တင်ထားတဲ့ တောင်ကိုရီးယားအမျိုးသားတေးသံရှင်ကတော့ PSY ဖြစ်ပြီး သူကာ လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ် ဧပြီလအတွင်း စတင်ထုတ်လွှင့်ခဲ့တဲ့ “Gentleman”တေးသီချင်းနဲ့ ကြည့်ရှုသူ ၃၈ သန်း ရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

# တစ်ကိုယ်တော်တေးသံရှင်ဖြစ်ဖို့ နှောင့်နှေးနေဦးမယ့် မင်ဇီ



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “2NE1”မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူမင်ဇီဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်ရပ်တည်ဖို့ရာအဖွဲ့မှ နုတ်ထွက်ခဲ့ပေမယ့် သူ့ရဲ့စိတ်ကူးထဲကအတိုင်း တစ်ကိုယ်တော်တေးသံရှင်အဖြစ် ရပ်တည်နိုင်ဖို့ရာ နှောင့်နှေးနေဦးမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မင်ဇီဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းက အဖွဲ့ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့တဲ့ “2NE1”တေးဂီတအဖွဲ့မှ အဖွဲ့မဖျက်သိမ်းမီကပင် လမ်းခွဲထွက်ခွာသွားခဲ့သူဖြစ်ပါတယ်။ မင်ဇီက သူ့အနေနဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တေးဂီတလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်လိုကြောင်း အကြောင်းပြကာမှ နုတ်ထွက်ခဲ့တာဖြစ်ပေမယ့် လတ်တလောအချိန်အထိ တစ်ကိုယ်တော်တေးသီချင်းတွေကို ထုတ်လွှင့်နိုင်ခဲ့ခြင်း မရှိသေးပါဘူး။

ဒေ့ါအပြင် မင်ဇီဟာ မကြာသေးမီက အခြားသောတောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Unnies”ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်လှုပ်ရှားလာတာကို တွေ့မြင်ခဲ့ရပါတယ်။ “Unnies”ရဲ့ အစီအစဉ်တစ်ခုဖြစ်တဲ့ “Slam Dunk 2”အတွက် လတ်တလောမှာ အာရုံစိုက်လုပ်ဆောင်နေရတာကြောင့် သူ့ရဲ့တစ်ကိုယ်တော်တေးသီချင်းတွေထွက်ရှိဖို့ရာ နှောင့်နှေးနေဦးမှာဖြစ် ကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ဒီဇင်ဘာလအတွင်း တစ်ကိုယ်တော်တေးသီချင်းတွေကို ထုတ်လွှင့်သွားမှာဖြစ်ကြောင်း မင်ဇီက ထုတ်ဖော်ပြောကြားခဲ့ပေမယ့် လတ်တလောအချိန်အထိ ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိသေးပါဘူး။ ဒါပေမယ့် လာမယ့် မတ်လ (သို့မဟုတ်)ဧပြီလအတွင်း မင်ဇီရဲ့ တစ်ကိုယ်တော်တေးသီချင်းတွေကို ထုတ်လွှင့်သွားနိုင်ရန်စီစဉ်နေကြောင်းလည်း သူ့ရဲ့ လက်ရှိအေဂျင်စီက ပြောကြားခဲ့ကြောင်း သိရပါတယ်။

မင်ဇီက တစ်ကိုယ်တော်တေးသံရှင်အဖြစ်ရပ်တည်ဖို့ တေးဂီတအဖွဲ့ဟောင်းကနုတ်ထွက်ခဲ့ပြီး ယခုလိုတေးဂီတအဖွဲ့သစ်မှာ ပါဝင်လှုပ်ရှားဖြစ်ခဲ့ခြင်းအတွက် ပရိသတ်တွေဝေဖန်မှာကို စိုးရိမ်မှုတွေရှိခဲ့ပေမယ့် မင်ဇီရဲ့ လက်ရှိအေဂျင်စီကတော့ အဆိုပါဖြစ်ရပ်ဟာ မင်ဇီရဲ့ဂီတခရီးလမ်းပေါ်က အလှည့်အပြောင်းတစ်ခုသာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

# ဆွေးနွေးချက်များသည် စာရွက်ပေါ်ရှိမနေဘဲ လက်တွေ့ကျကျ ဆောင်ရွက်မှသာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာမည်



**လှိုင်ကော် ဖေဖော်ဝါရီ ၁၉**
ပြည်ထောင်စုလမ်းဘေးတစ်လျှောက် လမ်းဘေးဝဲ/ယာ သစ်တောထိန်းသိမ်းခြင်းနှင့် တောင်ယာများ စနစ်တကျဆောင်ရွက်စေရေး ရှင်းလင်းဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာတွင် ကယားပြည်နယ်အတွင်းရှိ သစ်တောသစ်ပင်များကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြစေရန်၊ ရှိပြီးသားသစ်ပင်များကိုလည်း ရှင်သန်ကြီးထွားအောင် ပြုစုစောင့်ရှောက်ကြရန်၊ သစ်ပင်များကိုလည်း အသစ်ပြန်လည်စိုက်ပျိုးရန်၊ ပြည်ထောင်စုလမ်းမကြီး ဝဲ/ယာရှိ သစ်တော သစ်ပင်များကိုလည်း ထိန်းသိမ်းကြရန်၊ ရွှေ့ပြောင်းတောင်ယာများကို ဆောင်ရွက်ရာတွင်လည်း စနစ်တကျဆောင်ရွက်ကြရန်၊ ပြည်နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်တောမြေဧရိယာအတွင်း ကျူးကျော်ဝင်ရောက်မှုများမရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကလည်း မိမိတို့ကျေးရွာရပ်ကွက်အတွင်းရှိ တောင်ယာ လယ်ယာမြေများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သစ်တောမြေဧရိယာကိစ္စရပ်များနှင့်ပတ်သက်သည့် အကြောင်းအရာများအားလည်းကောင်း၊ လမ်းဦးစီးဌာနမှ လမ်းဧရိယာနယ်မြေသတ်မှတ်ခြင်းကိစ္စရပ်များနှင့်ပတ်သက်သည့် အကြောင်းအရာများအားလည်းကောင်း၊ ပြည်နယ်လယ်စီ/စာရင်းအင်းဌာနမှ တောင်ယာ၊ လယ်ယာမြေကိစ္စရပ်များနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးသွားသည့်အချက်များသည် စာရွက်ပေါ်ရှိနေ၍ မဖြစ်ပါကြောင်း၊ လက်တွေ့ကျကျဆောင်ရွက်မှသာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှာဖြစ်သည့်အတွက် ပြည်နယ်၏ ကောင်းကျိုးတွေကို ဝိုင်းဝန်းကြိုးပမ်းဖို့ လိုအပ်ပါကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သစ်တောဝန်ထမ်းများ၊ မြေစာရင်းဝန်ထမ်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ထမ်းများနှင့် တာဝန်ရှိသူတို့က ချိတ်ဆက်မိမိထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ဖို့လိုအပ်ပါကြောင်း၊ တာဝန်ရှိသူများက ပြည်သူများသိရှိအောင် အသိပညာပေးဖို့လိုအပ်ပါကြောင်း ထပ်မံကျူးကျော်မှုများ မပြုလုပ်ကြစေရန်အတွက် ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ကွင်းဆင်းကြည့်ရှု စိစစ်ပြီးမှ ဥပဒေနဲ့အညီ ဆောင်ရွက်သွားကြဖို့လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# မြို့နယ်အဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုများကို ယခင်နှစ်ထက် ပိုမိုကောင်းမွန်စေရန် ဆန်းစစ်ဆွေးနွေး

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၉**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ကျန်းမာရေးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာန၊ ဌာန(ခွဲ)တို့တွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လာမည့်နှစ်အတွက် လူထုကျန်းမာရေးစောင့်ရှောက်မှုကို ယခင်နှစ်များထက် ပိုမိုလုပ်ဆောင်နိုင်ရန်ရည်ရွယ်ပြီး မြို့နယ်ကျန်းမာရေးဌာနရုံး၌ ဖေဖော်ဝါရီ ၁၇ ရက်က ၂၀၁၆ ခုနှစ် မြို့နယ်အဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲကို ကျင်းပသည်။

"ဆန်းစစ်ဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပတာဖြစ်ပြီး ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာန(ခွဲ) တွေမှာရှိတဲ့ ဝန်ထမ်းများကို ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုတွေမှာ ၂၀၁၆ ခုနှစ်က ကျန်းမာရေးနှင့်ပတ်သက်တဲ့ ဆောင်ရွက်ချက်တွေကို ပြန်လည်သုံးသပ်ပြီးရင် ၂၀၁၇ ခုနှစ်မှာ ပိုမိုကောင်းမွန်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာကို ဆွေးနွေးတာဖြစ်ပါတယ်" ဟု မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဦးမြင့်ဝင်းထံက သိရသည်။ **ထူးအိမ်(ပြန်/ဆက်)**

# ပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



**ဒေါပုံ ဖေဖော်ဝါရီ ၁၉**
ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်တိုက်ဖျက်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ရဲမှူးစိုးမြင့်အောင်က ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# တွံတေးမြို့နယ်ရှိ ကလေးငယ်များ အော့အန်၊ ဝမ်းသွားမှုဖြစ်ပွား

**တွံတေး ဖေဖော်ဝါရီ ၁၉**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကြည်တန်းကျေးရွာအုပ်စု ကြည်တန်းကျေးရွာတွင် မိသားစု ၁၀ စုမှ ကလေးငယ် ၁၅ ဦး အော့အန်ခြင်း၊ ဝမ်းသွားခြင်းဖြစ်ပွားမှုကြောင့် တွံတေးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးကုသရန် ဖေဖော်ဝါရီ ၁၇ ရက် ည ၁၀ နာရီ ၁၅ မိနစ်က ရောက်ရှိလာကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၇ ရက် ည ၇ နာရီတွင် ကြည်တန်းကျေးရွာမိသားစု ၁၀ စုမှ ကလေးငယ် ကျားခြောက်ဦး၊ မကိုးဦးတို့သည် အော့အန်ခြင်း၊ ဝမ်းသွားခြင်းဖြစ်ပွားခဲ့သဖြင့် တွံတေးဆေးရုံသို့လာရောက်ဆေးဝါးကုသမှု ခံယူခဲ့ကြောင်း သိရသည်။ ၎င်းတို့အနက် ရန်ကုန်ကလေးဆေးရုံသို့ ကျားတစ်ဦး၊ မငါးဦး စုစုပေါင်း ခြောက်ဦးအား လွှဲပြောင်းဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါကလေးငယ်များသည် မိသားစု ၁၀ စုမှ မိသားစုဝင်ကလေးငယ်များဖြစ်ပြီး အစားအသောက်များကို တစ်နေရာတည်း စားသောက်ခြင်းမရှိဘဲ ပုံမှန်အိမ်အစားအစာစားသုံးပြီး ကျေးရွာအတွင်းရှိ ရေကန်မှရေအား သောက်သုံးခဲ့ခြင်းသာဖြစ်ကြောင်း၊ လူကြီးများတွင် မဖြစ်ပွားဘဲ ကလေးငယ်များသာဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးဦးစီးဌာနမှ ကျေးရွာရှိရေကန်ရေအား စမ်းသပ်စစ်ဆေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းကို လှိုင်သာယာမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီကပြုလုပ်ရာ အခမ်းအနားသို့ မြောက်ပိုင်းခရိုင်ကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ခိုင်က တက်ရောက်အမှာစကားပြောကြားသည်။ မြို့နယ်ကော်မရှင် ဥက္ကဋ္ဌ ဦးသိမ်းစိုးနှင့် သင်တန်းမှူးများအဖြစ် ခရိုင်၊ မြို့နယ်ကော်မရှင်မှ တာဝန်ရှိသူများနှင့် သင်တန်းသား ၅၈ ဦး တက်ရောက်ကြောင်းသိရသည်။ ၃၂၉



# ကျေးလက်ကွန်ပျူတာ၊ နည်းပညာပြန့်ပွားရေးသင်တန်းဖွင့်

**သန်လျင် ဖေဖော်ဝါရီ ၁၉**
ကျေးလက်ကွန်ပျူတာ၊ နည်းပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲအား ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သူဌေးကွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၁၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# လမ်းနယ်နိမိတ်အတွင်း ကျူးကျော်ရောင်းချနေသည့် ဈေးဆိုင်များ ဖယ်ရှားရှင်းလင်းရေး အသိပေးရှင်းလင်း

**ပဲခူး ဖေဖော်ဝါရီ ၁၉**
ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက လမ်းနယ်နိမိတ်အတွင်း ကျူးကျော်ရောင်းချနေသည့် ဈေးဆိုင်များ၊ အဆောက်အအုံများဖယ်ရှားရှင်းလင်းရေးနှင့်ပတ်သက်၍ အသိပေးရှင်းလင်းခြင်းအခမ်းအနား ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ မီးသတ်ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မြင့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဦး၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမိုးကျော်၊ အင်ဂျင်နီယာမှူး ဦးပြေကျော်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပွဲရုံပိုင်ရှင်များ၊ လမ်းဘေးကျူးကျော်ဈေးဆိုင်ပိုင်ရှင်များနှင့် သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မြင့်က စည်ပင်သာယာဆိုင်ဥပဒေအကြောင်းအရာများနှင့် မြို့သန့်ရှင်းသာယာလှပရေး၊ ယာဉ်ကြောရှုပ်ထွေးကြပ်တည်းမှုမရှိစေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ မီးသတ်ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မြင့်က လွယ်လင့်တကူ မီးငြိမ်းသတ်နိုင်ရေးနှင့် ကျူးကျော်ဈေးဆိုင်များ လမ်းပေါ်တက်ရောက်ရောင်းချနေမှုကြောင့် မီးသတ်ကားအဝင်အထွက်အခက်အခဲရှိနေမှုကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမိုးကျော်က လမ်းနယ်နိမိတ်အတွင်း ကျူးကျော်ရောင်းချသည့်ဈေးဆိုင်များ ဖယ်ရှားရှင်းလင်းရေးဆောင်ရွက်မည့်အစီအစဉ်နှင့်ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာသူများမှ စည်ပင်သာယာဥပဒေအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလိုက်နာနိုင်အောင် ဖြန့်ဝေပေးရန်၊ ရေနုတ်မြောင်းများတူးဖော်ရာတွင် စနစ်တကျသပ်သပ်ရပ်ရပ်လုပ်ဆောင်ပေးရန်၊ မြို့မဈေးနှင့် ပွဲရုံများရှိရာနေရာများတွင် ကားအဝင်အထွက်အချိန်နှင့် ရပ်နားရမည့်နေရာအား သတ်မှတ်ပေးရန်နှင့် သိလိုသည့်အချက်များအား မေးမြန်းရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

လမ်းနယ်နိမိတ်အတွင်းကျူးကျော်ရောင်းချသည့် ဈေးဆိုင်များနှင့် အဆောက်အအုံများအား ရှင်းလင်းရာတွင် မြို့လယ်ကောင်လည်းဖြစ်၊ မြို့မဈေး၏ ပတ်ဝန်းကျင်လည်းဖြစ်သော ပန်းလှိုင်ရပ်ကွက်နှင့် ဈေးပိုင်းရပ်ကွက်တို့ရှိ လမ်းပေါ်ကျူးကျော်ဆောက်လုပ်ရောင်းချနေသော အဆောက်အအုံများနှင့် ဈေးဆိုင်များ၊ စည်းကမ်းမဲ့ရပ်နားထားသောယာဉ်များအား ပထမဦးစွာရှင်းလင်းမည်ဖြစ်ပြီး ဒုတိယအနေဖြင့် သနပ်ပင်လမ်း၊ ရန်ကုန်-မန္တလေးကားလမ်းဘေးဝဲ/ယာရှိ ကျူးကျော်များအားရှင်းလင်းသွားမည်ဖြစ်သည်။

ရှင်းလင်းခြင်းပြုလုပ်ရာ၌ ကျူးကျော်နေသည့်အိမ်ရှင်များကို ရှင်းပြီးမှ လမ်းဘေးမှာကျူးကျော်နေသည့် ဈေးသည်တွေကို ရှင်းမည်ဖြစ်ကြောင်း၊ ရှင်းသည့်အခါမှာလည်း သူတို့၏စားဝတ်နေရေးနှင့် ဘဝရပ်တည်ရေးအတွက် အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ပေးသင့်သောနေရာများတွင် ဈေးရောင်းချရန်အတွက် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဈေးသည်များနှင့် ပြည်သူများမှ ဥပဒေနှင့်အညီ တစ်ဦးတစ်ယောက်အတွက်မဟုတ်ဘဲ အများအတွက်တောင်းဆိုသည့် နေရာအား ရွှေ့ပြောင်းပေးရန် စီစဉ်ထားကြောင်း၊ ပွဲရုံများအတွက် ကလိကျေးရွာအနီး ယာဉ်ရပ်နားကွင်း ဆောက်လုပ်မည့်နေရာအား စီစဉ်ထားကြောင်း စည်ပင်သာယာညွှန်ကြားရေးမှူး ဦးအောင်မြင့်က ပြောကြားသည်။ **တင်စိုး(ပဲခူး)**

# ရေကူစနစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေစုကန်များသို့ ရေပြည့်တင်းပေးခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၁၉**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာများနှင့် ရပ်ကွက်များ ရေဖူလုံမှုရှိစေရန်အတွက် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ဆည်မှ ဇမ္ဗူသီရိမြို့နယ် ပိတောက်နှင့် နန်းဦး ရေပေးဝေရေးဝင်းများသို့ ရေကူစနစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပုဗ္ဗသီရိမြို့နယ်အတွင်း ရေဖြန့်ဖြူးရေးလုပ်ငန်းများအတွက် ရုံးအမှတ် (၂၄) ရေစက်ရုံမှ သရက်ရှင်းနှင့် ဘုံကွဲဆည်အနီးရှိ ရေစုကန်များသို့ ရေဖြည့်တင်းပေးခြင်း လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဒေါ်စံပယ်ထွေး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးလှမိုးထွန်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှု၍ လုပ်ငန်းများကို သတ်မှတ်ကာလအမီ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်နိုင်စေရေး မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ဆည်မှ ဇမ္ဗူသီရိမြို့နယ် ပိတောက်နှင့် နန်းဦး ရေပေးဝေရေးဝင်းများသို့ ရေကူစနစ်တည်ဆောက်ခြင်းလုပ်ငန်းတွင် ၁၂ လက်မ ပိုက်လိုင်းဖြင့် ပေပေါင်း ၄၅၀၀၀ သွယ်တန်းရမည်ဖြစ်ပြီး ပုဗ္ဗသီရိမြို့နယ်အတွင်း ရေဖြန့်ဖြူးရေး လုပ်ငန်းများအတွက် ရုံးအမှတ် (၂၄) ရေစက်ရုံမှ သရက်ရှင်းနှင့် ဘုံကွဲဆည်အနီးရှိ ရေစုကန်များသို့ ရေဖြည့်တင်းရာတွင် ၁၆ လက်မ ပိုက်လိုင်းဖြင့် ပေပေါင်း ၂၉၇၀၀ သွယ်တန်းရမည်ဖြစ်ရာ ယခုအခါ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစက်ရုံနှင့် မော်တာပန့်များ တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများကို တင်ဒါအောင် ကုမ္ပဏီခြောက်ခုတို့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရွှေကုက္ကို)**



# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုစနစ်ကောင်းမွန်ရန် အဆင့်မြှင့်တင်မှုများပြုလုပ်



**မုံရွာ ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားကိုပြည့်ဝစွာ အသုံးပြုနိုင်ရန်အတွက် လက်ရှိအသုံးပြုလျက်ရှိသော ထရန်စဖော်မာများ၊ အရည်အသွေးမမီသော လျှပ်စစ်ဓာတ်အားလိုင်းကြိုးများနှင့် ဓာတ်တိုင်များကို အဆင့်မြှင့်တင်တပ်ဆင်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီးလျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ထိုသို့ အဆင့်မြှင့်တင်ပေးရာတွင် မုံရွာခရိုင် ချောင်းဦးမြို့နယ် ဓာတ်အားခွဲရုံတွင် (၃၃/၁၁)ကေဗွီ (၁၀)အမ်ဗွီအေ ထရန်စဖော်မာအားလည်းကောင်း၊ ကသာခရိုင်အတွင်းရှိ ကောလင်း မြို့နယ်ဓာတ်အားခွဲရုံမှ (၃၃/၁၁)ကေဗွီ(၁၀ )အမ်ဗွီအေထရန်စဖော်မာအားလည်းကောင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသနေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ အသုံးပြုနိုင်ရန် အတွက်ပြောင်းလဲတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ဓာတ်အားဖြန့်ဖြူးမှုစနစ် ပိုမိုကောင်းမွန်စေရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်နှင့် ကျေးရွာများသို့ သွယ်တန်းထားသော ၃၃ ကေဗွီ စက်မှုဇုန်ဓာတ်အားလိုင်းနှင့် ရွှေဘိုခရိုင်အတွင်းရှိ ခင်ဦး၊ ရေဦး၊ ဒီပဲယင်းမြို့နယ်တို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၃၃ကေဗွီ ခင်ဦး-ရေဦးဓာတ်အားလိုင်းတွင် အရည်အသွေးမီစံချိန်မမီကြိုးများအစား ACSR 150 $mm^2$ ကြိုးများကို လည်းကောင်း၊ ဓာတ်တိုင်အဟောင်းများနေရာတွင် 12 M ကွန်ကရစ်ဓာတ်တိုင်များနှင့် သံလက်တန်းများကိုလည်းကောင်း အဆင့်မြှင့်တင် တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထရန်စဖော်မာ၊ လျှပ်စစ်လိုင်းကြိုးများ၊ ကွန်ကရစ်ဓာတ်တိုင်များနှင့် သံလက်တန်းများ အဆင့်မြှင့်တင်တပ်ဆင်ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# နတ်ရေကန်ကျေးရွာတွင် ခြောက်လက်မ စက်ရေတွင်းတူးဖော်

**ချောင်းဦး ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ ပူးပေါင်း၍ ခြောက်လက်မစက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အပူပိုင်းဇုန် တိုင်းဒေသကြီးသုံးခုအတွင်း၌ ကျေးလက်ဒေသ သောက်သုံးရေရရှိရေး စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းများတူးဖော်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်) နှင့် BAJ မှ စက်ရေတွင်းတူးစက်များ အသုံးပြု၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးက "နတ်ရေကန်ကျေးရွာအတွက် ခြောက်လက်မ စက်ရေတွင်းကို ဖေဖော်ဝါရီ ၇ ရက်က စတင် တူးဖော်ရာ ယခုရေတွင်း အနက်ပေ ၇၀၅ ပေ တူးဖော်ပြီးစီးနေပြီး Logging တိုင်းတာခြင်းများကို ဆောင်ရွက်နေပါတယ်။ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းတွင် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနဲ့ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများပါဝင်ပြီး ချောင်းဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

**မြို့နယ်ပြန်/ဆက်**



# မန္တလေးတက္ကသိုလ်သာယာလှပရေး စုပေါင်းသန့်ရှင်း

**မန္တလေး ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံဂုဏ်ပြုသောအားဖြင့် မန္တလေးတက္ကသိုလ် သန့်ရှင်းသာယာလှပစေရေးအတွက် မန္တလေးတက္ကသိုလ် ကင်းထောက်အဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ အမှတ် (၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားကျောင်းသူဟောင်းများ၊ နိုင်ငံရေးသိပ္ပံဘွဲ့လွန်ကျောင်းသားဟောင်းများအဖွဲ့၊ မန္တလေး တက္ကသိုလ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ၊ ဘာသာရပ်ဌာနရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ Trash Hero Mandalay အဖွဲ့များပါဝင်သော အင်အား ၂၀၀၀ ခန့်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၇ နာရီက သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့်အစိုးရ အဖွဲ့အစည်းဝင်များ၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ ပါဝင်အားပေးကြသည်။

Trash Hero Mandalay အဖွဲ့အနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီနှင့်ပူးပေါင်း၍ မန္တလေးတောင်၊ တောင်သမန်၊ ဦးပိန်တံတားဝန်းကျင်တို့၌ စုပေါင်း သန့်ရှင်းရေးများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဆေးရုံ၊ ဘိုးဘွားရိပ်သာတို့၌ လုပ်အားဒါနအဖြစ် စုပေါင်းအမှိုက်ကောက်

**ရေတာရှည် ဖေဖော်ဝါရီ ၁၉**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း (၂) တောင်ငူမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းညွန့်တို့ ဦးဆောင်သော မနောဖြူစင် ဝန်ထမ်းမိသားစု ပရဟိတအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီခွဲက ရေတာရှည်မြို့နယ်ပြည်သူ့ဆေးရုံနှင့် ဘိုးဘွားရိပ်သာတို့၌ ဝိုင်းဝန်းစုပေါင်း၍ အမှိုက်ကောက်သန့်ရှင်းရေး လုပ်အားဒါနအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဝန်ထမ်းတွေအနေနဲ့ ရုံးပိတ်ရက်တွေမှာ ပရဟိတလုပ်ငန်းလေးတွေလုပ်စေချင်တယ်။ တောင်ငူဆေးရုံကြီးမှာလည်း အရင်ပတ်ကလုပ်ခဲ့ပြီးပြီ" ဟု ညွှန်ကြားရေးမှူး ဦးစိုးနိုင်ကပြောကြားသည်။

**ကိုလွင်(ဆွာ)**



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ (၃)ရပ်ကွက်၌ ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၄၅ သိန်း၊ ပြည်သူများထည့်ဝင်ငွေကျပ် ၁၅ သိန်း၊ စုစုပေါင်း ငွေကျပ်သိန်း ၆၀ ဖြင့် ဆောင်ရွက်ခဲ့သော ရာဇာဓိရာဇ်လမ်းမကြီး အရှည် ၃၅၅ ပေ၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအား ဖေဖော်ဝါရီ ဒုတိယပတ်က ကျင်းပခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- (၄၅၂)

# အာကာသကို လွှာပုံပြု ဂြိုဟ်တုကို ကွန်ရက်တည်

ကိုရင်ညြ



အိန္ဒိယနိုင်ငံသည် အာကာသ လောက အတွင်းသို့ ခြေလှမ်းကျယ်ကျယ်ဖြင့် ဝင်ရောက်လာသော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ် သက်သေထူလိုက်နိုင်သည် ကား ဒုံးယာဉ်တစ်စင်းတည်းကို အသုံးပြု၍ ဂြိုဟ်တုအလုံးပေါင်း ၁၀၄ လုံးကို ဖေဖော်ဝါရီ ၁၅ ရက်က အောင်မြင်စွာ လွှတ်တင်လိုက်ခြင်းဖြစ်လေ၏။

အိန္ဒိယအာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)သည် ၂၀၁၄ ခုနှစ်က ဒုံးပျံယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တု ၃၇ လုံး လွှတ်တင်ခဲ့သော ရုရှားအာကာသ အေဂျင်စီ၏ လုပ်ဆောင်ချက်ကို စံချိန်ချိုးကာ စံချိန်သစ်တင်နိုင်ခြင်းအဖြစ် တစ်ကမ္ဘာလုံးက အောချကြရလေသည်။

ဧကန်မုချကား အိန္ဒိယနိုင်ငံသည် ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အထူးအားဖြင့် အာကာသသုတေသနလောကတွင် တစ်ချိန်က နောက်ကျန်ရစ်ခဲ့သည့် နိုင်ငံဖြစ်သည်။ လွတ်လပ်ရေးရခါစကာလက ယင်းနိုင်ငံ၏ သိပ္ပံနှင့် နည်းပညာ သုတေသနလုပ်ငန်းများမှာ သာမညောင်ညသာဖြစ်ခဲ့ရသည့်တိုင် နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမှုနှင့်အတူ သုတေသနလုပ်ငန်းများကို ချဲ့ထွင်လာခဲ့ပေရာ ယနေ့ကာလတွင် အာကာသသုတေသနအရ အားကောင်းမောင်းသန်နိုင်ငံအဖြစ် ကမ္ဘာ့အလယ် ဝင့်ထည်လျက်ရှိနေချေပြီ။

နိုင်ငံတော်တိုးတက်ရေး၊ လူ့အဖွဲ့အစည်းတိုးတက်ရေးတို့အတွက် အာကာသ သုတေသနလုပ်ငန်းများကို ချဲ့ထွင်နိုင်ရန် အခြေခံအဆောက်အအုံနှင့် ကျွမ်းကျင်မှုတို့ကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

အသုံးချ အာကာသ သုတေသနစံနှုန်းများကို မြှင့်တင်နိုင်ရန် ပထမခြေလှမ်းဖြစ်ခဲ့သည်မှာ ၁၉၆၉ ခုနှစ်တွင် အိန္ဒိယ အာကာသသုတေသနအဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၂ ခုနှစ် အရောက်တွင်မူ အာကာသကော်မရှင်နှင့် အာကာသဌာနတို့ကို အစိုးရအဖွဲ့က ထူထောင်ပေးခဲ့ပြန်သည်။ အာကာသဌာနအောက်တွင် အာကာသသုတေသနအဖွဲ့ကို ထားရှိခဲ့သည်။

၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ နိုင်ငံတော်၏ အာကာသအစီအစဉ်အတွက် စမ်းသပ်လေ့လာမှုအမျိုးမျိုးကို စတင်ပြုလုပ်လာခဲ့ရာ အောင်မြင်မှုရရှိခြင်းကြောင့် လက်တွေ့ဂြိုဟ်တုတည်ဆောက်ရေး အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။

လွှတ်တင်ရေးယာဉ် (ဒုံးပျံယာဉ်) အစီအစဉ်မှာ အာကာသ သုတေသနအဖွဲ့အတွက် အသက်သွေးကြောသဖွယ် အရေးပါလှသည်။ ပြည်တွင်း၌ အာကာသဒုံးယာဉ်များ တည်ဆောက်နိုင်ရန် ဦးတည်သည်။ ဤသို့ဖြင့် ယနေ့ကာလတွင် နိုင်ငံခြားတိုင်းပြည်များအတွက် ဒုံးပျံယာဉ်လွှတ်တင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို ပီပီပြင်ပြင် လုပ်ဆောင်ပေးနိုင်ပြီဖြစ်သည်။

## အာကာသပြိုင်ပွဲ

အာကာသပြိုင်ပွဲ သမိုင်းဦးအစကို စေ့ငုလေ့လာသော် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စု၏ ယှဉ်ပြိုင်မှုကို အထင်အရှား တွေ့နိုင်သည်။ အာကာသပြိုင်ပွဲသည် ၂၀ ရာစုတွင် စစ်အေးပြိုင်ဘက်များ၏ ယှဉ်ပြိုင်မှုအဖြစ် တွေ့မြင်ရသည်။

ဒုတိယကမ္ဘာစစ်အပြီး ဒုံးပျံအခြေပြုနျူကလိယလက်နက်ပြိုင်ပွဲကြီးကို အစပျိုးခဲ့ကြသည်ကား အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ပင်ဖြစ်ကြလေသည်။

ထိုစဉ်က တစ်နိုင်ငံထက်တစ်နိုင်ငံက နည်းပညာအသာရဖို့ဆိုသည်မှာ အမျိုးသားလုံခြုံရေး ရည်မှန်းချက်အတွက်ဖြစ်သည်။ ဝါဒသဘောတရားရေးရာအရ ယှဉ်ပြိုင်လိုစိတ်က တစ်နိုင်ငံနှင့်တစ်နိုင်ငံ မယုံသင်္ကာဖြစ်မှုကို ကြီးထွားစေသည်။ အာကာသကို ပိုင်စိုးနိုင်ရေးအတွက် နည်းပညာအသာစီးရအောင် ကာယအား၊ ဉာဏအား၊ ဝီရိယအား၊ ငွေအားတို့ကို တစ်လုံးတစ်ခဲ စိုက်ထုတ်နိုင်ဖို့ ကြိုးစားကြသည်။ အာကာသပိုင်စိုးလျှင် စစ်ရေးအရ အနိုင်ရရှိလိမ့်မည်ဟု မျှော်မှန်းကြလေသည်။

အာကာသပြိုင်ပွဲကြီးက ပေါက်ပွားစေသည်ကား ဂြိုဟ်တုများလွှတ်တင်နိုင်ရေး၊ လကမ္ဘာ၊ သောကြာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့သို့ လူမပါသော အာကာသယာဉ်များ စေလွှတ်နိုင်ရေး၊ ကမ္ဘာ့အနိမ့်ပိုင်းဂြိုဟ်ပတ်လမ်းနှင့် လကမ္ဘာတို့သို့ အာကာသယာဉ်မှူးများ စေလွှတ်နိုင်ရေးဟူသော ရည်မှန်းချက်များပင်ဖြစ်၏။

ပြိုင်ပွဲအစပြုသည့်နေ့ရက်အဖြစ် ၁၉၅၅ ခုနှစ် ဩဂုတ် ၂ ရက်မှာ သမိုင်းတွင်ရစ်သည်။ ထိုနေ့တွင် ဆိုဗီယက်ပြည်ထောင်စုက အမေရိကန်နည်းတူ မဝေးသောအနာဂတ်တွင် ဂြိုဟ်တုလွှတ်တင်တော့မည်ဟု ကြေညာခဲ့သည်။ နိုင်ငံတကာ ဘူမိရူပနှစ် အထိမ်းအမှတ်အဖြစ် အမေရိကန်က ဂြိုဟ်တုလွှတ်ရန် ကြေညာခဲ့အပြီး လေးရက်အကြာတွင် ဆိုဗီယက်က အလားတူကြေညာခဲ့ခြင်းဖြစ်သည်။

ပထမဆုံးသော အာကာသပြိုင်ပွဲကြီးတွင် အနိုင်ရသူမှာ ဆိုဗီယက်ပါပေတည်း။

၁၉၅၇ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ဆိုဗီယက်က စပွတ်နစ်-၁ ကို လွှတ်တင်နိုင်ခဲ့သည်။ အာကာသအတွင်း ပထမဆုံးသော လူသားရောက်ရှိမှုအဖြစ် ၁၉၆၁ ခုနှစ် ဧပြီ ၁၂ ရက်တွင် ယူရီဂါဂါရင် သမိုင်းမှတ်တမ်းဝင်ခဲ့သည်။

## နည်းပညာပိုင်ဆိုင်

ယနေ့ကာလတွင် မိမိဆည်းပူးထားသော နည်းပညာအရ ကိုယ်စွမ်းကိုယ်စဖြင့် ဂြိုဟ်တုလွှတ်တင်နိုင်သော ၁၀ နိုင်ငံအနက် ခြောက်နိုင်ငံမှာ အာရှနိုင်ငံများဖြစ်ကြသည်။ အိန္ဒိယ၊ တရုတ်၊ အီရန်၊ အစ္စရေး၊ ဂျပန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့က ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်သည့် နည်းပညာများကို ပိုင်ဆိုင်ထားပြီဖြစ်သည်။

အာရှနိုင်ငံများအနက် လူသားတစ်ဦးကို အာကာသအတွင်းသို့ စေလွှတ်နိုင်သည့် ပထမဆုံးနိုင်ငံမှာကား တရုတ်နိုင်ငံဖြစ်တော့သည်။ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် တရုတ်နိုင်ငံ၏ ပထမဆုံးသော လူလိုက်ပါသည့် အာကာသယာဉ်က ဂြိုဟ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်ခဲ့သည်။

အိန္ဒိယနိုင်ငံကလည်း တရုတ်နိုင်ငံကို အားကျမခံ အာကာသအတွင်းသို့ လူသားတက်ရန် စီမံစိုင်းပြင်းလျက်ရှိနေ၏။ ၂၀၂၀ ပြည့်နှစ်အမီ လူလိုက်ပါသည့် အာကာသခရီးစဉ်ကို အကောင်အထည်ဖော်နိုင်မည်ဟု မျှော်မှန်းထား၏။ ၂၀၃၀ ပြည့်နှစ်ထက်နောက်မကျဘဲ လကမ္ဘာပေါ် လူသားခြေချရန်လည်း အိန္ဒိယနိုင်ငံက ရည်မှန်းထား၏။

အလားတူပင် အီရန်နှင့် ဂျပန်နိုင်ငံတို့က ၂၀၂၀ ပြည့်နှစ်အမီ အာကာသယာဉ်မှူးလိုက်ပါမည့် အာကာသယာဉ်ခရီးနှင်နိုင်ရန် လုံ့လဉဿဟပြုလျက်ရှိကြလေသည်။

တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ် နောက်ဆုံးထား၍ လကမ္ဘာသို့ လူသားလိုက်ပါသည့် အာကာသယာဉ်စေလွှတ်နိုင်ရန် ကြိုးပမ်းသွားမည်ဆို၏။

အာရှ၏ အာကာသထိပ်သီးနိုင်ငံများဖြစ်ကြသော တရုတ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့က အာကာသနည်းပညာနယ်ပယ်တွင် အစွမ်းကုန်အားထုတ်လျက်ရှိကြရာ မဝေးသောအနာဂတ်မှာပင် အာကာသ စူးစမ်းလေ့လာရေးအရ ကမ္ဘာ့ဦးဆောင်နိုင်ငံများဖြစ်လာနိုင်သည်ဟု ခန့်မှန်းမှုများ ပေါ်ထွက်ခဲ့သည်။

၂၁ ရာစုခေတ်သို့ ချင်းနင်းဝင်ရောက်လာချိန်တွင် အာရှဒေသ၏ အာကာသပြိုင်ပွဲတွင် လက်တလော ဦးဆောင်သူက တရုတ်နိုင်ငံဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ပထမဆုံးသော လူလိုက်ပါသည့် အာကာသခရီးစဉ်က အာကာသပြိုင်ပွဲ၏ တာထွက်မှုကို ညွှန်ပြနေသည်။

အာရှ အာကာသပြိုင်ပွဲက အမေရိကန်-ဆိုဗီယက် အာကာသပြိုင်ပွဲနှင့် တစ်မူထူးခြားလှသည်။ ဥဒါဟရုဏ်တစ်ရပ်ကို ညွှန်းဆိုရလေသော် ဂျပန်က ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုပေါ် ဂြိုဟ်ဆင်းယာဉ် ဆင်းသက်စေပြီး ကျောက်သား (မြေသား) နမူနာရယူခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် ဂြိုဟ်သိမ်ဂြိုဟ်မွှား ဖွဲ့စည်းပုံကို လေ့လာသည့် ပထမဆုံးသောနိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်သည်။

တရုတ်နိုင်ငံ၏ တမူထူးခြားသော သမိုင်းမှတ်တိုင်တစ်ရပ် စိုက်ထူပုံမှာ ကမ္ဘာက အံ့အားသင့်ခဲ့ရ၏။ ယင်းမှာ ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် တရုတ်နိုင်ငံက ဂြိုဟ်တုဖြိုခွင်းရေး ဒုံးပျံတစ်စင်းကို လွှတ်တင်နိုင်ခဲ့ပြီး ဝင်ရိုးစွန်းဂြိုဟ်ပတ်လမ်းကြောင်းတွင်ရှိ ယင်း၏ ရာသီဥတုလေ့လာရေး ဂြိုဟ်တုဟောင်းတစ်လုံးကို ဖျက်ဆီးပြခဲ့ခြင်းပင်ဖြစ်သည်။ နောက်တစ်လအကြာတွင် ဂျပန်အာကာသအေဂျင်စီက မြန်နှုန်းမြင့် သတင်းအချက်အလက် ပို့လွှတ်နိုင်သော ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို စမ်းသပ်မှုတစ်ရပ်အဖြစ် လွှတ်တင်နိုင်ခဲ့လေသည်။

'ဂဲဩစတေရှင်နရီ' နည်းပညာပိုင်ဆိုင်သော အိန္ဒိယနိုင်ငံက ၂၀၀၈ ခုနှစ် အောက်တိုဘာတွင် ချန်ဒြာယန်း-၁ အာကာသယာဉ်ကို လကမ္ဘာသို့ ပထမဆုံး အကြိမ်လွှတ်တင်ခဲ့ရာတွင် လကမ္ဘာပေါ်ရှိ ရေခဲအသွင်ဆောင်ရေကို ရှာတွေ့ခဲ့သည်။

အိန္ဒိယနိုင်ငံသည် နည်းပညာအရ တစ်လှမ်းတိုးမှုအဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် အင်္ဂါဂြိုဟ်ကိုပတ်မည့် အာကာသယာဉ်ကို လွှတ်တင်ကာ ယင်းဂြိုဟ်၏ လေထုလွှာနှင့် ဓာတ်ငွေ့ဖွဲ့စည်းပုံတို့ကို လေ့လာရန် ခြေလှမ်းပြင် လိုက်သည်။ ရည်မှန်းချက် ပေါက်မြောက်စွာဖြင့် အင်္ဂါဂြိုဟ်ဝန်းကျင်ရှိ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ အိန္ဒိယ၏ အာကာသယာဉ် ဝင်ရောက်နိုင်ခဲ့သည်။ အင်္ဂါဂြိုဟ်သို့ အာကာသယာဉ် စေလွှတ်သည့် ကမ္ဘာ့နိုင်ငံများကို တန်းစီကြည့်လျှင် အမေရိကန်၊ ရုရှားနှင့် ဥရောပသမဂ္ဂတို့ပြီးလျှင် စတုတ္ထ နေရာတွင် အိန္ဒိယရပ်တည်လာနိုင်သည်။

## နိုင်ငံ့ဂုဏ်ဒြပ်

အာကာသရေးရာ စူးစမ်းလေ့လာမှုများ အောင်မြင်မှုရရှိခြင်းသည် နိုင်ငံဂုဏ်ဒြပ်ကို ဝင့်ထည်စေပြီး တစ်ချိန်တည်းမှာပင် စီးပွားဖြစ် ဂြိုဟ်တုလွှတ်တင်ရေးလုပ်ငန်းကြီးမှာ ဈေးကွက်သဖွယ် ကြီးမားကျယ်ပြန့်လာသည်။

ဆက်သွယ်ရေးဂြိုဟ်တု၊ ရာသီဥတု ခန့်မှန်းရေးဂြိုဟ်တု၊ ကမ္ဘာ့လေထုလွှာ လေ့လာရေး ဂြိုဟ်တုစသည့် ဂြိုဟ်တုအမျိုးမျိုးကို လွှတ်တင်ပေးသည့် လုပ်ငန်းဖြင့် နိုင်ငံများ စီးပွားရှာလာနိုင်ကြပေပြီ။

စစ်ဘက်နှင့် ထောက်လှမ်းရေးသတင်းအချက်အလက်များ စုဆောင်းရေးအတွက် ဂြိုဟ်တုနည်းပညာကို အသုံးချနိုင်သကဲ့သို့ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ရည်မှန်းချက်များအတွက်လည်း ဂြိုဟ်တုနည်းပညာကို အသုံးချနိုင်လေသည်။

ကမ္ဘာတစ်လွှားသို့ ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းနှင့် ဆက်သွယ်ရေးဝန်ဆောင်လုပ်ငန်းများအတွက် ဂြိုဟ်တုနည်းပညာသစ်က အသုံးဝင်လှသည်။ ဖျော်ဖြေရေးအလို့ငှာ ဂြိုဟ်တုနည်းပညာကို အသုံးချနိုင်သလို ပညာရေးရည်မှန်းချက်အတွက်လည်း ဂြိုဟ်တုနည်းပညာက အရေးပါလှသည်။ ပြည်သူပိုင်ကျောင်းများ မရှိသည့် ဝေးလံသီခေါင်သော ဒေသများရှိ ကလေးများ၏ ပညာရေးအတွက် ဂြိုဟ်တုနည်းပညာက မြှင့်တင်အားပေးသည်။ ဂြိုဟ်တုစလောင်းတစ်ခုကို တပ်ဆင်ထားရုံမျှဖြင့် ပြည်သူ့ အကျိုးငှာ အခမဲ့ထုတ်လွှင့်ပေးသော ရုပ်မြင်သံကြားချန်နယ်များကို ဖမ်းယူကြည့်ရှုရင်း ဒေသခံပြည်သူတို့မှာ လေ့လာစရာ တစ်ပုံတစ်ပင် ရရှိကြပေတော့သည်။

တစ်ကမ္ဘာလုံး အကန့်အသတ်မရှိ ချိတ်ဆက်နိုင်မှုကို ပေးစွမ်းသည်က ဂြိုဟ်တုဖုန်းများဖြစ်ကြသည်။ မျိုးဆက်သစ် ဆက်သွယ်ရေးဂြိုဟ်များက သတင်းအချက်အလက်များနှင့် ဆက်သွယ်မှုများကို အခါမလင့်ဆောင်ကြဉ်းပေးသည်။

ပင်လယ်ရေသတ္တဝါများနှင့် တောရိုင်းသတ္တဝါများ ကျက်စားသွားလာနေထိုင်ကြပုံကိုပင် ဂြိုဟ်တုနည်းပညာအသုံးပြု၍ သိရှိနိုင်သောခေတ်သို့ပင် ဝင်ရောက်လာခဲ့ပြီ။

ဂြိုဟ်တုမှတစ်ဆင့် ရုပ်မြင်သံကြား၊ အင်တာနက်နှင့် တယ်လီဖုန်းဝန်ဆောင်မှုများကို တပြေးညီ ရရှိလာကြခြင်းဖြင့် 'ဒီဂျစ်တယ်ကွာဟချက်' ကျုံ့ရုံ့စေခဲ့သည်မှာ ဂြိုဟ်တုနည်းပညာဖြစ်သည်။

ဂြိုဟ်တုနည်းပညာကောင်းမှုဖြင့် ဒီဂျစ်တယ်နှင့် အွန်လိုင်းသတင်းပညာ ဖွံ့ဖြိုးမှုကိုလည်း ကျွန်ုပ်တို့ တွေ့မြင်ရလေသည်။ ဂြိုဟ်တုသတင်းစုဆောင်းခြင်း နည်းပညာ (Satellite News Gathering Technology) ဖြင့် နေရာမရွေး ဒေသမရွေး သတင်းထုတ်လွှင့်မှုစနစ်ကို တိုးတက်စေခဲ့ပေပြီ။

ဂြိုဟ်တုနည်းပညာကို ကမ္ဘာ့လူသားအားလုံးတို့၏ အကျိုးစီးပွားအလို့ငှာ အသုံးချကြဖို့ အထူးအရေးကြီးလှသည်ဟု တွေးတောမိရင်း **"အာကာကိုလွှာပုံပြု ဂြိုဟ်တုကို ကွန်ရက်တည်"** ဟူ၍ ကျွန်ုပ်ကျုံးရင့်မိပါသတည်း။ ။

# ကျွန်တော်သိသော သူများတိုင်းပြည်က ပညာရေးအကြောင်း

မော်ထွန်း(ပညာရေး)




ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ချက်သမ္မတနိုင်ငံ အစိုးရကပေးတဲ့ ပညာသင်ဆု (Czech Government Scholarship for Developing Countries) နဲ့ ကျွန်တော်ဟာ ချက်သမ္မတနိုင်ငံ Ostrava မြို့က VŠB-TUO တက္ကသိုလ်မှာ PhD သင်တန်းတက်ရောက်ခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ PhD သင်တန်းကို သုံးနှစ်သာ တက်ရောက်ရပေမယ့် အဆိုပါနိုင်ငံမှာ PhD သင်တန်းကို လေးနှစ်သတ်မှတ်ထားတာကြောင့် လေးနှစ်တာ PhD သင်တန်းကို တက်ရောက်ရပါတယ်။

**သင်ကြားသင်ယူစနစ်ကွာခြား**

ကျွန်တော့အနေနဲ့ အဆိုပါနိုင်ငံမှာ ကျောင်းစတက်တော့ ပညာရေးနှင့် သင်ကြားသင်ယူစနစ်၊ စာမေးပွဲနည်းစနစ်တွေဟာ မိမိတို့နိုင်ငံနဲ့ အတော်ခြားနားနေတာကို တွေ့ရတယ်။ မသွားမီ စိတ်ကူးကြံဆထားသည်ထက်ပင် ကွာခြားလှတယ်။ စာလိုက်ရာမှာ အစကနဦးအနေဖြင့် အခက်အခဲ တော်တော်များများ တွေ့ရတယ်။ အကြောင်းက မိမိတို့ငယ်စဉ်က ‘ဒါကျက် ဒါဖြေ တစ်လုံးမှ မလွဲစေနဲ့’ ဆိုတဲ့ ပညာသင်ကြားနည်းစနစ်နဲ့ ငယ်ရွယ်စဉ်အချိန်တော်တော်များများကို ဖြတ်သန်းကြီးပြင်းလာခဲ့ရသောကြောင့်ဖြစ်တယ်လို့ သုံးသပ်မိတယ်။

ယနေ့သူတို့ပညာရေးစနစ်နဲ့ ကိုယ့်ငယ်စဉ်က ပညာရေးစနစ်ဟာ အတော်လေးကို ပြောင်းပြန်ကြီးဖြစ်နေပါတယ်။ ဒီမှာက ကျောင်းသားဦးနှောက်ဖွံ့ဖြိုးမှုကို အထူးအလေးပေးပါတယ်။ စာသင်ခန်းမှာ မေးခွန်းများ အမေးခိုင်းပါတယ်။ ဆရာများကလည်း ကျောင်းသားများမှ ဘာသာရပ်ဆိုင်ရာ မေးခွန်းများမေးခြင်း၊ ဆွေးနွေးခြင်းတို့ကို အားရကျေနပ်ကြတယ်။ ကျောင်းသားအတန်းငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ အိမ်စာ (Homework) ပေးလိုက်ပါက အဆိုပါ အိမ်စာမှာ မိမိရဲ့ Idea မတင်ပြရင်၊ မိမိရဲ့သုံးသပ်ချက် ရှုမြင်ပုံမပါရင် သင်ကြားရေးဆရာက လုံးဝကို လက်မခံပါဘူး။ ထို့အတူ Project Report ပဲရေးခိုင်းရေးခိုင်း၊ Powerpoint Presentation ပဲ ရေးခိုင်းရေးခိုင်း ပညာရှင်များရေးပြီးသားစာများကို အကိုးအကားပြုနိုင်ပါတယ်။ နို့ပေမယ့် အကိုးအကားပြုထားကြောင်း Reference အနေနဲ့ ဖော်ပြရပါတယ်။ ထို့အပြင် အိမ်စာများကို အကိုးအကားဖြင့် တင်ပြရုံဖြင့် မပြီး၊ မိမိမှမည့်သို့ရှုမြင်ပုံ၊ သုံးသပ်ချက်များနှင့်အတူ အကြံပြုချက်များပါ ထည့်သွင်းရေးသားရပါတယ်။

**ကိုယ့်အားကိုယ်ကိုး ပညာဖြင့်ပျိုး**

အဆိုပါနိုင်ငံမှာ ပညာသင်ကြားစနစ်သည် ကလေးငယ်တစ်ဦးအား ထမင်းစားချိန်အတွင်း ထမင်းစားစေရန် မိခင် ဒါမှမဟုတ် ဖခင်က စိတ်ရှည်လက်ရှည်နဲ့ ချော့မော့ကျွေးပြီး ကလေးငယ်မှ မိခင်ဖခင်ကိုသာ အစာစားသည့်အခါတိုင်း အားကိုးနေသည့်ပညာရေးပုံစံအစား အဆိုပါ ကလေးငယ်အား ထမင်းကို မိမိကိုယ်တိုင် မိမိလက်နှစ်ဖက်ဖြင့် စားတတ်အောင်၊ အတိမ်းအစောင်း အချွတ်အချော်တွေ့က မိခင် ဖခင်ကပင် တည့်မတ်ပေးပြီး ကလေးငယ်ကိုယ်တိုင် မိမိဘဝကို မိမိဘာသာ ရပ်တည်တတ်အောင်၊ အများနည်းတူ လုပ်ဆောင်တတ်အောင် သင်ကြားပေးသည့် ပညာရေးနည်းစနစ်သာဖြစ်တယ်။ အများက ဤသို့တွေးလျှင် မိမိလည်းလိုက်၍ တွေးနိုင်ရမယ်။ သို့သော် မိမိ၏ ကိုယ်ပိုင်စိတ်ဓာတ်ဖြင့်သာ ဆင်ခြင်သုံးသပ်မှုကို အားပြုရတယ်။ ပြောတိုင်းမယုံခြင်းကို အားပေးပြီး စဉ်းစားချင့်ချိန်မှု၊ အကျိုးအကြောင်းဆီလျော်မှု၊ ဖြန့်ကြက်သုံးသပ်နိုင်မှုများကို တန်ဖိုးထားတယ်။ ပညာကို တန်ဖိုးထားသည့် သဘောပင်။

**စာတော်ဖို့ထက် Idea အသစ်ဖော်ထုတ်နိုင်ဖို့က ပိုအရေးကြီး**

အဆိုပါနိုင်ငံမှာ ပညာရေးကို အတော်ဦးစားပေးတာ တွေ့ရတယ်။ ဥရောပနိုင်ငံများ အားလုံးနီးပါး၊ ဖွံ့ဖြိုးတိုးတက်ပြီးသော ဂျပန်၊ ကိုရီးယား၊ စင်ကာပူနိုင်ငံတို့နှင့် အမေရိကန်၊ သြစတြေးလျတို့ကဲ့သို့သော နိုင်ငံကြီးများသည်လည်း ထို့အတူပင်ဖြစ်မည်ကို မှန်းဆနိုင်ပါတယ်။ အထူးသဖြင့် အဆင့်မြင့်ပညာရေးနှင့် စပ်ဆိုင်သည့် ကျောင်းတစ်ကျောင်း၊ တက္ကသိုလ်တစ်ခု၏ ဂုဏ်ဒြပ် သို့မဟုတ် Image ကို အများအလယ်မှာ ထင်ပေါ်စေသည့် သုတေသနလုပ်ငန်းကို ပို၍ပင်အားပေးကြပါတယ်။

မြန်မာကျောင်းသားတွေအနေနဲ့ နိုင်ငံခြားမှာ PhD တက်မယ်ဆိုရင် စာအလွန်တော်ဖို့ မလိုပါ။ ဆိုလိုသည်မှာ စာတော်ဖို့ အထိုက်အလျောက်သာလိုပါတယ်။ ထို့ထက် Idea ကောင်းရှိဖို့၊ Idea အသစ်ဖန်တီးနိုင်ဖို့က ပိုလိုအပ်ပါတယ်။ အကြောင်းမှာ သူတို့နိုင်ငံတွေမှာ ကျောင်းတက်နေရပြီဆိုလျှင် အမှတ်များတာ နည်းတာထက် Idea ကောင်းရှိတာ၊ Ideaအသစ် ဖန်တီးဖော်ထုတ်နိုင်တာကိုပိုပြီး လိုလားတန်ဖိုးထားကြလို့ပဲဖြစ်ပါတယ်။ ကမ္ဘာ့အထင်ကရ တီထွင်ပညာရှင်ကြီးများ၊ သိပ္ပံပညာရှင်ကြီးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် လျှပ်စစ်ဖခင်ကြီး အက်ဒီဆင်ကိုယ်တိုင်လည်း ငယ်ရွယ်စဉ်ကျောင်းပညာရေး၌ ထူးချွန်ထက်မြက်သူတစ်ဦး မဟုတ်ကြောင်းကို လက်ခံထားသောကြောင့်လည်း ဖြစ်နိုင်တယ်။ Idea ကောင်းဆိုတာကလည်း သုတေသနလုပ်ငန်းကို ချစ်တတ်သူ၊ လမ်းရိုးလမ်းဟောင်းကို မလိုက်တတ်သူ၊ လမ်းသစ်ထွင်သူများထံမှာ အမြဲရှိနေတတ်ပါတယ်။ အဆိုပါတိုင်းပြည်မှာ Idea ကောင်းမရှိရင် အဆင့်မြင့်သုတေသနလုပ်ငန်းနယ်ပယ်၌ မျက်နှာသိပ်မလှချင်။

ဒါကြောင့်လည်း ပညာရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ရယူကြဖို့ အပြိုင်အဆိုင်များတဲ့ ယနေ့လိုခေတ်ကြီးမှာ Idea ကောင်း၊ Idea အသစ်ဖန်တီးနိုင်မည့် ကျောင်းသားတိုင်းကို ဆရာတိုင်းက welcome ပါပဲ။ University ကလည်း မိမိကို အပြုံးနှင့်ကမ်းလင့်ကြိုနေမှာပါပဲ။ နောက်ဆုံး တခြားသုတေသန အထူးပြုကျောင်းတွေကလည်း သူတို့ကျောင်းမှာ သုတေသနလုပ်ဖို့ဆင့်ခေါ်နိုင်သလို မိမိကိုယ်တိုင်က သွားရောက်ချင်တယ်ဆိုလည်း အဆင်သင့်ကြိုဆိုနေမှာပါ။

**Idea မှ လက်တွေ့အကောင်အထည်ဖော်ခြင်းသို့**

အဆိုပါနိုင်ငံမှာ မိမိတင်ပြသည့် Idea ကသာ လက်တွေ့ဘဝနဲ့ ဆက်စပ်ယူလို့ရတဲ့ Idea အသစ်သာ ဖန်တီးနိုင်ပါစေ၊ အဆိုပါ Idea အသစ်မှန်သမျှ ရုပ်လုံးပေါ်အောင် ကျောင်းက အစအဆုံး ကူညီအကောင်အထည်ဖော်ဆောင်ရွက်ပေးပါလိမ့်မယ်။ တချို့ကျောင်းသားတွေရဲ့တီထွင်ဆန်းသစ်မှုကို စောင့်စားနေသည့် လုပ်ငန်းရှင်တွေကလည်း သုတေသနလုပ်ငန်းအတွက် မက်လောက်စရာဖြစ်တဲ့ ထောက်ပံ့ငွေ (Grant) ပေးပြီး သူတို့ကိုယ်ပိုင် ပစ္စည်းမူပိုင်ခွင့် (Patent) ရအောင် သုတေသနလုပ်ငန်းကို ထောက်ပံ့ပေးပါလိမ့်မယ်။ သို့မဟုတ် ကိုယ့် Idea ကို အကောင်အထည်ဖော်စဉ်မှာလည်း University မှ ကိုယ့်ကို ပညာရှင်အနေနဲ့သတ်မှတ်ပြီး Grant ထပ်လောင်းပေးပါဦးမယ်။

မိမိကို ပံ့မှန်ပေးအပ်ထားတဲ့ ပညာသင်ဆုထောက်ပံ့ငွေက သက်သက်၊ ယခု Idea ကို အကောင်အထည်ဖော်လုပ်ငန်းလုပ်ကိုင်နေစဉ်မှာ ပညာရှင်အဖြစ် လုပ်အားခလစာက သက်သက် သီးသန့်စီပေးပါတယ်။ ဒါကြောင့် မိမိ၏ထူးချွန်ထက်မြက်မှုအပေါ် မူတည်ပြီး အောင်မြင်မှုရရှိမည်သာဖြစ်တယ်။ သုတေသနလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်စဉ်မှာလည်း မိမိသုတေသနလုပ်ငန်းအတွက် ဖြည့်ဆည်းပေးဖို့လိုအပ်တဲ့ ပညာရပ်များ၊ သုတေသန Lab ခန်းများကိုလည်း ဖြည့်ဆည်းပေးနိုင်မည့် ဆရာများ၊ ပါမောက္ခများ၊ အတန်းရွယ်တူ သူငယ်ချင်းများနှင့် ပူးပေါင်းဆောင်ရွက်စေပါတယ်။ ဥပမာ မိမိက အင်ဂျင်နီယာကျောင်းသားဖြစ်လို့ သုတေသနလုပ်ငန်းမှာ ဓာတုဗေဒပညာရပ်အပိုင်းက ပညာရပ်ကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်နေတယ်ဆိုရင် University ရဲ့ ဓာတုဗေဒဌာနမှာရှိတဲ့ သုတေသနပညာရှင်က ပူးပေါင်းဆောင်ရွက်ပေးစေပါတယ်။ အင်မတန် အားရစရာကောင်းတဲ့ ပညာရေးစနစ်ပင်။

**Anything is Possible**

ကျွန်တော့်အနေဖြင့် ယခုအချိန်၌ အဆိုပါနိုင်ငံ၏ ဤကဲ့သို့ ပညာရေးစနစ်အောက်မှာပင် နေရသည်ကိုပင် အတော်အားရတယ်။ လက်တွေ့ပညာရပ်နယ်ပယ်အတွက် ကြိုက်တဲ့ Idea တင်ပြသည်ဖြစ်စေ၊ မဖြစ်နိုင်ဘူးဆိုပြီး ငြင်းပယ်တာမတွေ့ရခြင်းကိုပင် သုတေသနလုပ်ငန်းကို အထူးအရေးပေးခြင်းလော။ “အရာရာတိုင်းဟာ ဖြစ်နိုင်ပါတယ်။ (Anything is Possible)” ဟုလည်း သုံးနှုန်းပြောဆိုကြတယ်။ “မဖြစ်နိုင်ဘူးဆိုတာမရှိဘူး။ (Nothing is impossible)” ဆိုသောစကားလုံးများထက်ပို၍ပင် အပြုသဘောဆောင်တယ်။ တွန်းအားပါတယ်ဟု ခံစားရတယ်။ အဆိုပါနိုင်ငံမှာ အလုပ်နှင့်စပ်လျဉ်း၍ အကြောင်းပြချက် ဆင်ခြေများထက် အကျိုးရလဒ်ကို သာပို၍ အလေးထားကြတယ်။ အကြောင်းပြချက် ဆင်ခြေများကိုလည်း ကြားရခဲတယ်။ ထို့အတူ အပြောနှင့် အလုပ်ညီရတယ်။

**လူငယ်နှစ်ဦး ဘာတွေကွာခြားသွားလဲ**

အချုပ်အားဖြင့်ဆိုရသော် လူငယ်နှစ်ဦးသည် ပညာရပ်တစ်ခုကို ဆရာတစ်ဦးထံတွင်ပင် တစ်ချိန်တည်း၊ တစ်နေရာတည်း၊ သင်ကြားပြသပုံတစ်ခုတည်းဖြင့် သင်ကြားခဲ့ရသော်လည်း တစ်ဦးမှာ တစ်ဦးထက်ပိုတော်နေခြင်းသည် အဆိုပါ ပို၍ထူးချွန်နေသူတစ်ဦး၏ ပင်ကိုယ်ဗီဇ၊ ဉာဏ်ရည်ထက်မြက်မှုနှင့်သာ သက်ဆိုင်ပါတယ်။ သို့ရာတွင် ပင်ကိုယ်ဗီဇတူ ဉာဏ်ရည်ထက်မြက်မှုတူသည့် လူငယ်နှစ်ဦးသည်လည်း တစ်နေရာ တစ်ဒေသစီနှင့် မတူညီသည့် ဆရာများထံတွင် ပညာရပ်များ သင်ယူခဲ့ရမည်ဆိုပါက ထိုလူငယ်နှစ်ဦး၏ အနာဂတ်ပညာရေးလမ်းကြောင်းသည်လည်း ခြားနားနေမည်ပင်။ ဤကား ပညာကို တန်ဖိုးထားပုံခြင်း မတူညီသည့်ဒေသနှစ်ခု ကွာခြားသွားခြင်းကြောင့်ဖြစ်တယ်။

ပညာကို တန်ဖိုးထားမှု မတူလျှင် ပညာဖြင့် ဖြန့်ကြက်တွေးခေါ်နိုင်မှုစွမ်းရည်များ မတူနိုင်ချေ။ ပညာဖြင့် ဖြန့်ကြက်တွေးခေါ်နိုင်မှု စွမ်းရည်များမတူလျှင် ပညာကို အသုံးချနိုင်မှုနှင့် ထိုပညာဖြင့် ရယူနိုင်မည့် အောင်မြင်မှုများ မတူနိုင်ချေ။ ဤကား ကျွန်တော်သိသော သူများတိုင်းပြည်မှ ပညာရေးအကြောင်းများပင် ဖြစ်ပါကြောင်း အသိပညာမျှဝေရင်း။


SHWE ZABU RIVERVIEW CONDO
DEVELOPED BY: SHEW ZABU DEIK CONSTRUCTION CO.,LTD
ARCHITECTURAL DESIGN CONSULTANT BY : ONG & ONG PTE LTD.(SINGAPORE)
LOCATION : STRAND ROAD, AHLONE TOWNSHIP, YANGON, MYANMAR
CONTACT US : TEL - 95-1-2301763-69(EXT:206), 95-1-211318, 2301576
HOT LINE : 095038488, 09425023399
အလုံမြို့နယ်ကမ်းနားလမ်းမပေါ်၊ အလုံလမ်းအနီးတွင်တည်ရှိပြီး မြေအကျယ်အဝန်း(၁.၅)ဧကပေါ်တွင် Tower (၄)လုံးပါရှိခြင်း
အခန်းအကျယ်အဝန်း 2100 sq ft, 2200 sq ft , 2300 sq ft , ကျယ်ဝန်းပြီး MBR - 2, BR-2 ဖြင့်ဖွဲ့စည်းပေးထားခြင်း
အခန်းအတွင်းပိုင်းပြင်ဆင်မှုများအနေဖြင့် ဧည့်ခန်းနှင့်အိပ်ခန်းများတွင် ကျွန်းပါကေးခင်းပေးခြင်း၊ ရေချိုးခန်းများအားလုံးတွင်ကြွေပြားကပ်/ခင်းပေးခြင်း
မီးဖိုခန်းတွင် အဆင့်မြင့် Kitchen Counter & Cabinet များတပ်ဆင်ပေးထားခြင်း
Air Con: (5HP) City Multi Type (4 Indoor Units) Hitachi တပ်ဆင်ပေးခြင်း
Main Door ကို (YKK AP-Japan) Security Door များကိုတပ်ဆင်ပေးခြင်း
အခန်း ၁ ခန်းစီအတွက် Car Parking - ၁ စီး ထားရှိပေးခြင်း
Swimming Pool, Children's Playground, Beauty Saloon, Gym, Mini Mart, Home Theatre & Family Karaoke ပါရှိခြင်း

POLO CLUB (ASIA) RESIDENCE












* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ၆လမ်းသွားလမ်းမကြီး၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်္ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ်ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမျှော်နိုင်မည့်အခွင့်အရေး
